# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ၇-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၂ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၃၅ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၂ ဦးတွင် ကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် ၂ ရက်တိုင်ကြားထားသူ ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်

ဆောင်ရွက်ရန်အတွက် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။ ကိုယ်စားလှယ် ၁၂ ဦးမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ (ခ) ဦးတင်ဌေးအောင်၊

(၂) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊

(၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်၊

(၄) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၊

(၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊

(၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၊

(၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၈) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင်၊

(၉) ကကြည်းမှ ဗိုလ်မှူးကြီးမြင့်ကိုကို၊

(၁၀) ရသခမှ ဗိုလ်မှူးအောင်ကျော်နိုင်၊

(၁၁) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊

(၁၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး တို့သည် ခွင့်အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လောင်းကစားမှုများ ပပျောက်နိုင်စေရေးအတွက် မည်သို့မည်ပုံ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲ ကျင်းပပြီးသည့်နောက်ပိုင်း ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ချဲထီ၊နှစ်လုံး၊ တစ်လုံးအပါအဝင် လောင်းကစားမှုများ ပြန်လည်ဦးမော့လာနေကြောင်း ကြားသိရပါတယ်။ လောင်းကစားမှုများ ပြန်လည် ဦးမော့လာခြင်းကြောင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိခိုက်မှာကိုလည်း ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် စိုးရိမ်နေမိ ပါတယ်။ အထူးသဖြင့် နိုင်ငံတော်မှ ထုတ်ပေးထားသော ချေးငွေများ ပြန်လည်မပေးဆပ်နိုင်ကြမှာ ကိုလည်း တွေးမိတိုင်းရင်လေးနေရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း အပါအဝင် လောင်းကစားမှုများ ပပျောက်နိုင်စေရေးအတွက် နိုင်ငံတော်မှ မည်သို့မည်ပုံထိထိရောက်ရောက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ ယခုလက်ရှိဆောင်ရွက်နေသည်ဆိုပါကလည်း ဥပဒေစိုးမိုးမှုမရှိ သဖြင့် ယခုထက်ပိုမိုထိရောက်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ရှမ်းပြည်နယ်တောင်ပိုင်းအပါအဝင် လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်မှ မည်သို့မည်ပုံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြ2ီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်တစ်ဝန်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အခါက အဟန့်အတားအနှောင့်အယှက်ဖြစ်စေတဲ့ နယ်မြေအသီးသီးမှာ ပျံ့နှံ့လျက်ရှိတဲ့ နှစ်လုံးထီ၊ သုံးလုံးထီ၊ ချဲထီအပါအဝင် လောင်းကစားမှုများ ကင်းစင်ပပျောက်ရေးအတွက်ကို ထိရောက်သော စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ခိုးမှု၊ လုယက်မှု၊ ဓားပြမှုများစတဲ့ပြစ်မှုကြီးများဟာ လောင်းကစားမှုက စအခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့အပြင် လောင်းကစားမှုများကြောင့် ပြည်သူလူထု ဆင်းရဲမှု ဖြစ်ပေါ်စေတဲ့အကြောင်းတစ်ရပ်ဖြစ်တဲ့အတွက် နောက်ဆက်တွဲအမှုကြီးများကို ကာကွယ်နိုင်ဖို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လောင်းကစားမှုများကို စီမံချက်ရေးဆွဲပြီး ကာကွယ်တားဆီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ပညာပေးကာလအဖြစ်သတ်မှတ်ပြီး ပြည်သူတစ်ရပ်လုံး လောင်းကစားမှုများကို ရှောင်ရှားကြစေဖို့ ပညာပေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစပြီး အရှိန်အဟုန်မြှင့် ဖမ်းဆီးတဲ့ကာလအဖြစ် သတ်မှတ်ပြီး ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ဖို့ အထူးစီမံချက်တစ်ရပ် ရေးဆွဲ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီစီမံချက်များနှင့် ဖိဖိစီးစီး ဖမ်းဆီးအရေးယူခဲ့တဲ့အတွက် ရှမ်းပြည်နယ် အပါအဝင် တစ်နိုင်ငံလုံးမှာ လောင်းကစားသူများ လျော့နည်းလာခဲ့ပါတယ်။ အရေးယူဆောင်ရွက်ရာမှာလည်း လောင်းကစားသမားများနှင့် ဆက်နွယ်ပြီး မသမာမှုပြုလုပ်ကြတဲ့ တပ်ဖွဲ့ဝင်များ၊ လောင်းကစားမှုဖမ်းဆီးဖို့ တာဝန်ပျက်ခဲ့တဲ့၊ ပျက်ကွက်တဲ့ တပ်ဖွဲ့ဝင်များနှင့် လောင်းကစားသမားများဆီက လာဘ်ငွေယူတဲ့တပ်ဖွဲ့ဝင်များကို ရာထူးကြီးငယ်မရွေးစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်

ခဲ့ပြီး လောင်းကစားမှုများလျော့နည်းပပျောက်တဲ့အထိ စီမံဆောင်ရွက်လျက်ရှိပါတယ်။ လောင်းကစားမှုပပျောက်ရေးအတွက်ကို စီမံချက်ရေးဆွဲစတင်ဆောင်ရွက်ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့ကစပြီး ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လောင်းကစားမှုတွေကို ပိုမိုတိုးတက်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လောင်းကစားမှုပေါင်း ၂၁၆၅ မှု၊ တရားခံပေါင်း ၃၆၃၄ ဦး၊ လောင်းကြေးငွေပေါင်း ကျပ် ၁၆၀၄၂၁၃၈၄၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ အမှုပေါင်း ၂၈၀၁ မှု၊ တရားခံပေါင်း ၄၇၇၈ ဦး၊ လောင်းကြေးငွေပေါင်း ကျပ် ၂၀၈၁၃၃၃၂၀ ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့မှုများကို ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လောင်းကစားမှုပေါင်း ၈၂ မှု၊ တရားခံပေါင်း ၁၉၅ ဦး၊ လောင်းကြေးငွေပေါင်း ၁၀၄၁၉၁၇၈ ကျပ်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ အမှုပေါင်း ၈၇ မှု၊ တရားခံပေါင်း ၁၇၆ ဦး၊ လောင်းကြေးငွေပေါင်း ၁၃၁၃၇၃၃၀ ကျပ် တို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ပြုလုပ်တဲ့ ဘာသာရေးပွဲတွေနဲ့ ရိုးရာဓလေ့ ပျော်ပွဲရွှင်ပွဲများမှာ လောင်းကစားဝိုင်းတွေ မပါဝင်စေဖို့အတွက် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လောင်းကစားမှုပပျောက်ရေးအတွက်ကို စီမံချက်ရေးဆွဲဆောင်ရွက်နေပေမယ့်လည်း လောင်းကစားမှု ကျူးလွန်သူများက ကျူးလွန်ပုံ၊ ကျူးလွန်နည်းတွေဟာ ပြောင်းလဲနေသလို ဘာသာရေးနှင့်လူမှုရေးပွဲတော်တွေကို အကြောင်းပြုပြီး ကျူးလွန်နေကြဆဲပဲ ဖြစ်ပါတယ်။ ဒီလောင်းကစားမှု လုံးဝပပျောက်တဲ့အထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးပေမယ့်လည်း လောင်းကစားမှု ပပျောက်ရေးကြီးကြပ်မှုကော်မတီနှင့် လောင်းကစားမှု အသိပညာပေးရေးအဖွဲ့များက ပညာပေးဟောပြောမှုတွေပြုလုပ်ပြီး လောင်းကစားမှု ကျူးလွန်လို့ရှိရင် ကျခံရမယ့်ပြစ်ဒဏ်တွေကိုသိရှိဖို့ ကြော်ငြာဆိုင်းဘုတ်တွေ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ပြိုင်နက်တည်း တားဆီးနှိမ်နှင်းရေး အထူးအဖွဲ့များကလည်း အင်တိုက်အားတိုက်ဖမ်းဆီးခြင်းနှင့် ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်များချမှတ်ခြင်း၊ လောင်းကစားသူများ စာရင်းကောက်ယူရေးအဖွဲ့နှင့် လောင်းကစားသူများစာရင်း ကြီးကြပ်ရေးအဖွဲ့များက လောင်းကစားမှုပြုလုပ်လေ့ရှိသူ၊ ကျော်ဇောသတင်းရှိသူများကို စောင့်ကြည့်တာတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်အတွက် အဓိက အဟန့်အတားမှာ

လောင်းကစားမှုများကြောင့် ဖြစ်ပေါ်နေသည်ဖြစ်ရာ လောင်းကစားသူများလျော့နည်းသွားပြီး လောင်းကစားမှုများ တဖြည်းဖြည်းလျော့နည်းပပျောက်သွားအောင် ဆောင်ရွက်ရာမှာ တာဝန်ရှိတဲ့ ဌာနဆိုင်ရာများသာမက တာဝန်သိပြည်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိထိရောက်ရောက်ဟန့်တားနိုင်ဖို့ စီမံချက်များနှင့်အညီ အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အလယ်ချောင်းကျွန်းရှိ အလယ်ချောင်းကျေးရွာတွင် ရဲကင်းစခန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးကျန်းကျန်းမာမာရှိကြပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာ၊ချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျွန်းနဲ့ ပတ်ဝန်းကျင်ရွာရှစ်ရွာရဲ့ လုံခြုံမှုရှိစေရေးအတွက် အလယ်ချောင်းကျေးရွာမှာ ရဲစခန်းထားရှိနိုင်ရေးကိစ္စကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျွန်းဟာ အလယ်ချောင်းကျေးရွာအပါအဝင် ကျေးရွာရှစ်ရွာ တစ်ဆက်တစ်စပ်တည်းတည်ရှိပြီး အလယ်ချောင်းကျေးရွာဟာ အဓိကကျေးရွာကြီးဖြစ်ပါတယ်။ အိမ်ခြေပေါင်း ၃၉၅ နှင့် လူဦးရေပေါင်း ၂၃၅၅ ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာတွေဖြစ်တဲ့ သင်ပုန်းတန်း၊ ကံပြင်၊ ကုလားဘား၊ မကျည်းချောင်း၊ ကွဲချက်အစရှိတဲ့ ကျေးရွာတွေမှာ စုစုပေါင်းအိမ်ခြေ ၁၆၂၀၊ လူဦးရေပေါင်း ၈၃၂၆ ဦး၊ စုစုပေါင်းကျွန်းမှာ အိမ်ခြေ ၂၀၁၆ အိမ်နဲ့ လူဦးရေပေါင်း ၁၀၆၈၁ ဦးနေထိုင်ကြပါတယ်။ အလယ်ချောင်းကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းပေါင်း ၁၀၀ ခန့်လည်း ကျေးရွာအသီးသီးမှာ တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ အလယ်ချောင်းကျွန်းဟာ ပုဏ္ဏားကျွန်းမြို့နဲ့ ၁၈ မိုင်ခန့်ကွာဝေးပြီးတော့ ရေကြောင်းဆက်သွယ်မှုတစ်ခုတည်းကိုသာ အားကိုးအားထားပြုသွားလာရတဲ့အတွက် ခရီးသွားလာရေးခက်ခဲမှု၊ အချိန်ကြန့်ကြာမှုများကြောင့် ပုဏ္ဏားကျွန်း ရဲစခန်းအနေနဲ့ မှုခင်းတွေကြိုတင်ကာကွယ်နိုင်ရန် လက်လှမ်းမမီဖြစ်နေကြောင်းကြားသိ

ရပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ တင်ပြချက်အရ အလယ်ချောင်းကျွန်းမှာ ၂၀၀၆ ခုနှစ်ကစပြီးတော့ လူသေမှုတွေ၊ နွားခိုးမှုတွေ၊ လုယက်မှုတွေ မကြာခဏ ဖြစ်ပွားပေါ်ပေါက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်တဲ့အတွက် ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျွန်းရှိ အလယ်ချောင်း ကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် လုံခြုံရေး၊ လူမှုရေး၊ ကျန်းမာရေးများ အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအနေနဲ့ အလယ်ချောင်းကျေးရွာမှာ ရဲကင်း စခန်းဖွင့်လှစ်ထားပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ထပ်မံဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ရဲ့ ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျွန်းရှိ အလယ်ချောင်းကျေးရွာတွင် ရဲကင်းစခန်းဖွင့်လှစ်ပေး ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျွန်းမှာ ကံပြင်၊ သင်ပုန်းတန်း၊ အလယ်ချောင်းနှင့် မကျည်းချောင်း စတဲ့ ကျေးရွာအုပ်စု ၄ အုပ်စုရှိပြီး ကျေးရွာ ၉ ရွာ တည်ရှိပါတယ်။ အလယ်ချောင်းကျေးရွာအုပ်စုမှာ အလယ်ချောင်း၊ မြစ်နားပြင်နှင့် ရွာငယ်ရွာတို့လည်း ပါရှိပါတယ်။ အလယ်ချောင်းကျေးရွာမှာ အိမ်ခြေ ၃၇၃ အိမ်၊ အိမ်ထောင်စု ၃၉၂ စု ရှိပြီး လူဦးရေကျား ၁၀၁၂ ဦး၊ မ ၁၀၀၅ ဦး၊ စုစုပေါင်း ၂၀၁၇ ဦး၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းပြ ဆရာကျား ၃ ဦး၊ မ ၆ ဦး၊ ပေါင်း ၉ ဦး၊ အလယ်တန်းပြဆရာကျား ၄ ဦး၊ မ ၁၁ ဦး၊ ပေါင်း ၁၅ ဦး၊ မူလတန်းပြဆရာကျား ၁ ဦး၊ မ ၂ ဦး၊ ပေါင်း ၃ ဦး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း တစ်ခု၊ ကျန်းမာရေးမှူး ၁ ဦး၊ သားဖွားဆရာမ ၁ ဦး၊ ပေါင်း ၂ ဦးရှိလို့ စုစုပေါင်းဝန်ထမ်း ၂၉ ဦးရှိပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာရှိတဲ့ ပုဏ္ဏားကျွန်းတွင် (က)အဆင့်ရဲစခန်း၊ သဲဘက်တွင် (ဃ)အဆင့်ရဲစခန်းနှင့် စပါးထား(ပိုးရှီမြင်)တွင် (င)အဆင့်ရဲစခန်း၊ စုစုပေါင်းရဲစခန်း ၃ ခုရှိပါတယ်။ အလယ်ချောင်း ကျေးရွာ သည် လက်ရှိရဲစခန်းများတည်ရှိတဲ့ ပုဏ္ဏားကျွန်းမြို့နှင့် ၁၀ မိုင်ခန့်ကွာဝေးပြီး ပိုးရှီမြင်ကျေးရွာနှင့်

၁၂ ခန့်ကွာဝေးပါတယ်။ လက်ရှိအခြေအနေမှာ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလွှမ်းခြုံနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ အလယ်ချောင်းကျေးရွာမှာ မူခင်းဖြစ်ပွားမှုအခြေအနေက ၂၀၀၆ ခုနှစ်အတွင်းမှာ လူသတ်မှု နှစ်မှု ဖြစ်ပွားခဲ့ပြီး ၂၀၀၇ ခုနှစ်ကနေ ယနေ့အထိ အမှုကြီးဖြစ်ပွားခဲ့ခြင်းမရှိတာကို ရဲစခန်းမှုခင်းမှတ်တမ်းများအရ သိရှိရပါတယ်။ အလယ်ချောင်း ကျေးရွာအုပ်စုအပါအဝင် ကျန်ကျေးရွာအုပ်စုများကို ပုဏ္ဏားကျွန်းရဲစခန်းနှင့် ပိုးရှိမြင်ရဲစခန်းတို့က လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတွေကို လှည့်ကင်းများနှင့် ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့် လတ်တလောအခြေအနေများအရ အလယ်ချောင်းကျွန်းမှာရှိတဲ့ အလယ်ချောင်းကျေးရွာမှာ လောလောဆယ် ရဲကင်းစခန်းအသစ်ဖွင့်လှစ်ပေးဖို့ အစီအစဉ်မရှိသေးသော်လည်း ၂၀၁၂ ခုနှစ်၊ မေလကုန်နှင့် ဇွန်လဆန်းမှာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များပေါ်မူတည်၍ ခရိုင်၊ မြို့နယ်၊ နယ်မြေများအလိုက် လေ့လာသုံးသပ်ပြီး လုံခြုံရေးလိုအပ်ချက်အရ အခြေအနေပေါ်မူတည်ပြီး ရဲစခန်း၊ ရဲကင်းများကို ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆေးပညာရပ်များကို စာတွေ့၊လက်တွေ့အဆင့်မီစွာ သင်ကြားလေ့ကျင့်ပေးရန် အရည်အသွေးပြည့်ဝသော သင်ကြားရေးဆရာများ အလုံအလောက်ရရှိရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဆေးပညာရပ်များကို စာတွေ့၊ လက်တွေ့အဆင့်မီစွာ သင်ကြားလေ့ကျင့်ပေးရန် အရည်အသွေးပြည့်ဝသော သင်ကြားရေးဆရာများ အလုံအလောက်ရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးပညာလောကမှာ သက္ကရာဇ် ၂၀၀၀ အရင်တုန်းက ဆေးတက္ကသိုလ် ၃ ခု မှာ ဆေးကျောင်းသား ကျောင်းသူ ၅၀၀ တစ်နိုင်ငံလုံးအတွက် လက်ခံပြီး သင်ကြားပို့ချပေးခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၀ နောက်ပိုင်းမှာတော့ ဆေးတက္ကသိုလ် ၄ ခုမှာ ကျောင်းသား ကျောင်းသူ

၂၄၀၀ နှစ်စဉ်လက်ခံပြီး သင်ကြားပို့ချပေးခဲ့ပါတယ်။ နှစ်တိုင်းနှစ်တိုင်း ကျောင်းသားများ ၂၄၀၀ ဆေးတက္ကသိုလ်အသီးသီးသို့ ဝင်ရောက်လာသော်လည်း ထိုဝင်ရောက်လာသော ကျောင်းသားများဟာ ဆရာများနှင့် လိုက်လျောညီထွေတဲ့ ကျောင်းသားအချိုး၊ ဆရာအချိုးကိုတော့ မရရှိနိုင်ပါဘူး။ တစ်နှစ် တစ်နှစ် ကျောင်းသားတွေသာ များများလာပြီးတော့ ခန့်ထားနိုင်ချေမှာတော့ ဆရာဦးရေက လျော့နည်း နေတဲ့အတွက် အခေါ်အရ Student Teacher Ratio ဟာဘယ်တုန်းကမှ မကောင်းခဲ့ပါဘူး။ ဒီတော့ လုပ်ကိုင်ဆောင်ရွက်ခဲ့တာလည်း သက္ကရာဇ် ၂၀၀၀ မှစခဲ့လို့ အခုကြည့်မယ်ဆိုလို့ရှိရင် ၁၂ နှစ်သော ကာလကို ရောက်ရှိလာခဲ့ပြီး ဖြစ်ပါတယ်။ သင်ကြားရေးကဏ္ဍအသီးသီးရှိတဲ့အနက်မှာ အထူးသဖြင့် လက်တွေ့ကျွမ်းကျင်မှုရအောင် သင်ကြားပို့ချတဲ့နယ်ပယ်မှာ ဤကဲ့သို့ ဆရာ၊ ကျောင်းသားအချိုး မမျှခြင်း၊ ဝန်နဲ့အားနဲ့မမျှခြင်းတို့ကြောင့် လက်တွေ့သင်ကြားရေးကို အားနည်းစရာဖြစ်လာတဲ့အပြင် ကျွန်တော်တို့ မွေးထုတ်ပေးလိုက်တဲ့ ဆရာဝန်များ လုပ်ငန်းခွင်အရည်အချင်းကိုလည်း များစွာထိခိုက် နစ်နာမှုရှိကြောင်း ပြောကြားလိုပါတယ်။ ယခုနှစ် ၂၀၁၂ ခုနှစ်မှာ သင်တန်းသားဦးရေ ၅၀ ရာခိုင်နှုန်း လျှော့ယူမှာဖြစ်တဲ့အတွက် ကျောင်းသား ၁၂၀၀ ပဲ လက်ခံမှာဖြစ်ပါတယ်။ သင်ကြားရေး အရည်အသွေးကို မြှင့်တင်လိုချင်တဲ့အတွက် ၆ နှစ်သင်တန်းကို ၇ နှစ်သင်တန်းအဖြစ် တစ်နှစ် တိုးချဲ့ သင်ကြားပေးမယ်လို့လည်း သိရှိရပါတယ်။ မှန်ကန်တဲ့လုပ်ရပ်များဖြစ်တယ်လို့ ယူဆတဲ့အတွက် ဆေးပညာရှင်များ၊ ဆရာများအား ကြိုဆိုပါတယ်။ ထောက်ခံပါတယ်။ လက်ရှိအခြေအနေမှာ ကြည့်မယ်ဆိုလို့ရှိရင် ဆေးတက္ကသိုလ်များမှာ သင်ကြားရေးဆရာ လုံလောက်မှုမရှိခြင်း၊ သင်ကြားရေး၊ ကုသရေးတာဝန်များဖိစီးနေသောကြောင့် သင်ကြားရေးဘက်မှာ လုံလောက်သောအချိန်ကောင်းစွာ မပေးနိုင်ခြင်း၊ အချို့ဌာနများမှာ ဆရာအရည်အသွေးမြင့်မားစေရန်အတွက် လေ့ကျင့်ပြုစုပျိုးထောင် ပေးရန်လိုအပ်ချက်ရှိနေခြင်း၊ ဒီနေရာမှာလည်း ရှင်းပြရရင် Clinical ဆရာများလို့ခေါ်တဲ့ လူနာများကို ကုသပေးရင်း လူနာကုတဲ့ပညာရပ်များကို သင်ပေးရတဲ့ဆရာများဟာ ဆေးရုံတွေမှာ အလုပ်လုပ်ရ ပါတယ်။ ကုသရေးတာဝန်ကိုလည်း ထမ်းဆောင်ရသလို သင်ကြားရေးတာဝန်ကိုလည်း ထမ်းဆောင်ရ ပါတယ်။ တက္ကသိုလ်များမှာရှိတဲ့ အခြေခံပညာရပ်တွေ သင်ကြားပေးတဲ့ ဆရာများကတော့ အဓိက အားဖြင့် တက္ကသိုလ်မှာပဲ သင်ကြားရပါတယ်။ အဲတော့ ခုနက ကျွန်တော်ဆိုလိုတဲ့ သင်ကြားရေး၊ ကုသရေးတာဝန်များ ဖိစီးနေတဲ့အတွက် ကျောင်းသားများကို လုံလုံလောက်လောက် အချိန်မပေးနိုင် ခြင်းဆိုတာ ဒီလိုဆိုလိုပါတယ်လို့ ရှင်းပြခြင်းဖြစ်ပါတယ်။ ဆရာများ ခုနက အရည်အသွေးမြင့်မားစေရန်

လေ့ကျင့်ခြင်းဆိုတာကတော့ ကျွန်တော်တို့ Quantity တင်မကဘူး Quality ပါလိုအပ်ပါတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးပညာနယ်ပယ်မှာတော့ ဆရာကောင်းမှ တပည့်ကောင်းပါတယ်။ ဆရာပြမှ နည်းကျတယ်။ ကျွန်တော်တို့ ကိုယ်တွယ်ရတဲ့ ပြောကြပါစို့၊ ပြောလို့ရအောင် Material ပေါ့ ကိုယ်တွယ်ရတဲ့ Material ဟာလည်း တကယ်တော့ နာမကျန်းဖြစ်တဲ့လူများ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ကျွန်တော်တို့ဘက်က အားနည်းချက်များဖြစ်ပေါ်ခဲ့လို့ရှိရင် သူတို့ရဲ့ အသက်အန္တရာယ် ထိခိုက်သွားနိုင်တယ်ဆိုတာ တစ်ကမ္ဘာလုံးသိပါတယ်။ အဲတော့ ဒီဆေးပညာ လောကကို ဆရာများနဲ့ပတ်သက်လို့ သုံးသပ်ပြီးကြည့်မယ်ဆိုလို့ရှိရင် အခုလက်ရှိအခြေအနေမှာ အထူးသဖြင့် ဝါရင့်ဆရာများ အရေအတွက် အင်မတန် အားနည်းလျက်ရှိပါတယ်။ အကြောင်းကြောင်း တွေကတော့ အသက် ၆၀ ပြည့်သွားလို့ ပုံမှန်အနားယူသွားခြင်း၊ ထိုသို့အနားယူပြီးသည့်နောက် ပြည်တွင်းမှာ ဆက်လက်နေထိုင်ကြတဲ့ လူတွေရှိသလို မိမိစီးပွားရေး၊ ပုဂ္ဂိုလ်ရေးအခက်အခဲ တွေကြောင့် ပြည်ပနိုင်ငံများမှာ သွားရောက်အမှုထမ်းကြတဲ့ ဆရာဝန်များလည်း ရှိပါတယ်။ တချို့များ ကျတော့လည်း အသက် ၆၀ မပြည့်ဘဲနဲ့ အလုပ်ကနေ ထွက်သွားကြပါတယ်။ စီးပွားရေးအခက် အခဲကြောင့် ရေကြည်ရာမြက်နုရာ တိုင်းတစ်ပါးကိုသွားရောက်ပြီး တာဝန်ထမ်းဆောင်တဲ့ သဘော တွေလည်းရှိပါတယ်။ သို့ပေမယ့် ဒီထက်ပိုပြီးတော့ စိတ်မကောင်းစရာကောင်းတာက လုပ်ငန်းခွင် မသာယာလို့ လုပ်ငန်းခွင်အတွင်းမှာမပျော်လို့ မလုပ်ပျော်တဲ့အတွက်ကြောင့်မို့လို့ စိတ်ဆင်းရဲပြီးတော့ အလုပ်ကထွက်သွားကြတဲ့အတွက် ပြည်ပဆုံးရှုံးမှုတင်မကဘူး၊ ပြည်တွင်းဆုံးရှုံးမှုလည်းဖြစ်နေတဲ့ သဘောတွေ ရှိပါတယ်။ တစ်ခါတလေကျတော့ပြောပါတယ် ဝန်ထမ်းတွေက သူတို့အပေါ်မှာ စာနာမှု၊ ထောက်ထားမှု နည်းပါးပါတယ်တဲ့။ တချို့ကလည်း မူတွေ၊ စည်းမျဉ်းတွေ၊ စည်းကမ်းတွေကို တစ်ပြေးညီမသုံးပါဘူးတဲ့စသည်ဖြင့် စိတ်မချမ်းသာစရာ အကြောင်းလေးတွေကြောင့် ကျွန်တော်တို့ ဘက်မှာ ပညာရှင်တွေ နှစ်ပေါင်း၊ လပေါင်းများစွာ လေ့ကျင့်ပျိုးထောင်ပေးနေတဲ့ ပညာရှင်များက ဤကဲ့သို့နည်းတွေနဲ့ လွင့်ပါးဆုံးရှုံးသွားရပါတယ်။ နောက် ကျွန်တော်တို့မှာတစ်ခါ တက္ကသိုလ်တွေကို တိုးချဲ့အဆင့်မြင့်လုပ်ဆောင်ပေးသလို နယ်များ၊ တိုင်းနှင့်ပြည်နယ်များမှာလည်း ကုသရေးဆေးရုံကြီး များတည်ဆောက်ပေးရတဲ့အတွက် ဆေးရုံတစ်ရုံပေါ်လာပြီ ဆိုသည်နှင့်တစ်ပြိုင်တည်း ဆရာမ၊ ဆရာဝန်၊ ပညာရှင်တွေစသည်တို့ကတော့ ခန့်ထားရမှာဖြစ်တဲ့အတွက်ကြောင့် သင်ကြားရေးပညာ တချို့ဟာလည်း အထူးကုဆရာဝန်ကြီးများအဖြစ်နဲ့ သင်ကြားရေးပညာရှင်တို့ဟာ ထိုနေရာတွေကို

သွားရောက်ပြီး တာဝန်ထမ်းဆောင်ပေးရတဲ့အတွက်လည်း တက္ကသိုလ်များမှာ ဆရာအသီးသီး အရေ အတွက်လျော့နည်းသွားရခြင်းလည်းပါပါတယ်။ ဒီလို ဆရာဦးရေ၊ ကျောင်းသားဦးရေယှဉ်လိုက်ရင် အချိုးမမျှတာနဲ့ ဤကဲ့သို့ဖြစ်ပျက်နေတာ ဘယ်ဆေးတက္ကသိုလ်ပဲ သွားကြည့်သွားကြည့် သိနိုင်ပါ တယ်။ စာရင်းဇယားများလည်း အပြည့်အဝရှိပါတယ်။ နောက်အခုလည်း တစ်ခါတိုးမြှင့်သင်ကြား ပေးဖို့ရန်အတွက် အချိန်ကာလ တစ်နှစ်ရရှိလာပါပြီ။ ၆ နှစ်ကနေ ၇ နှစ် သင်တန်းကာလတိုးမြှင့်မှာ ဖြစ်တဲ့အတွက် ဒီတိုးမြှင့်လိုက်တဲ့သင်တန်းကာလ တစ်နှစ်ကိုလည်း ထိထိရောက်ရောက် ထိုက်ထိုက် တန်တန် အသုံးချနိုင်ဖို့လည်း အင်မတန်မှ လိုအပ်ပါတယ်။ အချိန်ကာလအပိုင်းအခြားတစ်ခုကို တိုးမြှင့် ပေးလိုက်တာနဲ့ အလိုအလျောက် စာတတ်မသွားပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာများခန့်ထားတဲ့အခါမှာ သရုပ်ပြဆရာဝန်များ၊ လက်ထောက် ကထိကများကို လိုအပ်ချက်နဲ့အညီ နှစ်စဉ်တိုးမြှင့်ခန့်ထားနိုင်ပါတယ်။ အထူးလိုအပ်လျက်ရှိတဲ့ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခများကိုတော့ အချိန်ပေးပြီးတော့မှ ပြည်တွင်း၊ ပြည်ပသင်တန်း တွေနဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးရခြင်းဖြစ်ပါတယ်။ ချက်ချင်းကျွန်တော်တို့ ကောက်ယူလို့မရပါဘူး။ ပန်းများပွင့်သလို ဖူးရာကငုံ၊ ငုံရာကပွင့် စသည်ဖြင့် ပြုစုပျိုးထောင်ပေးရခြင်းသဘောရှိပါတယ်။ နောက်တစ်ချက်က ဒီအဆင့်မြင့် ဆရာဝန်ကြီးများ၊ ကထိက၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခစသည်တို့ဟာ သူတို့တာဝန်ဝတ္တရားဟာ သာမန် စာသင်ခြင်းသက်သက်မဟုတ်ပါဘူး။ ကျောင်းသားကို သာမန် စာသင်ခြင်းသက်သက်မဟုတ်ပါဘူး။ သူတို့ တစ်တွေဟာဌာနကို ကြပ်မတ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း ဆိုတဲ့တာဝန်လည်း ရှိပါတယ်။ ဘွဲ့လွန်သင်တန်းများကိုလည်း ကြပ်မတ်ပေးရပါတယ်။ ထိုနည်းတူပဲ တက္ကသိုလ်များမှာရှိတဲ့ သင်ရိုးညွှန်းတမ်းများကို သူ့အချိန်နဲ့သူ စီစစ်သုံးသပ်ပြီးတဲ့နောက်မှာ ခေတ်နဲ့ အချိန်နဲ့တစ်ပြေးညီဖြစ်အောင် ဒေသခံတက္ကသိုလ်များနဲ့ ကမ္ဘာ့တက္ကသိုလ်များနဲ့ အရည်အသွေးချင်း ယှဉ်လို့ရအောင် သင်ရိုးညွှန်းတမ်းများကို ပြန်ပြီးသုံးသပ်ခြင်း၊ အသစ်တဖန်ပြန်၍ရေးဆွဲခြင်း သို့မဟုတ် ပြုပြင်ခြင်းများကိုလည်း အခါအားလျော်စွာ လုပ်ဆောင်နေရတဲ့ သဘောရှိပါတယ်။ ဆရာ များရဲ့အရည်အသွေးပြည့်မီဖို့ Training For Trainer ဆိုတာရှိပါတယ်။ ဆရာသည်တစ်ခါ ဆရာဖြစ် ရုံနဲ့ ထာဝရဆရာဖြစ်မသွားပါဘူး။ ဒီအတွက် Training For Trainer အဖြစ်နှင့် ဒီဆရာကြီးတွေက ကြပ်မတ်ကွပ်ကဲပြီးတော့ သူတို့အောက်မှာရှိတဲ့ ဆရာတွေကို ပြုစုပျိုးထောင်ပေးရတဲ့တာဝန်လည်း သူတို့မှာရှိပါတယ်။ နောက်တစ်ချက်ကတော့ ဒီကျောင်းသားတွေကို သင်ကြားပို့ချတဲ့နေရာမှာ အသိ ပညာ၊ အတတ်ပညာပေးနေရုံနဲ့မပြီးပါဘူး။ စဉ်းစားဆင်ခြင်၊ ဝေဖန်သုံးသပ်၊ ဆုံးဖြတ်နိုင်တဲ့ Thinking

Process တစ်ခုထွန်းကားလာအောင် ရင့်သန်ဖွံ့ဖြိုးလာအောင်လည်း ဒီဆရာကြီးတွေကပဲ လုပ်ဆောင်ပေးနိုင်ကြပါတယ်။ လွယ်တဲ့ကိစ္စတစ်ခု မဟုတ်ပါဘူးဗျာ။ နောက်တစ်ချက်ကတော့ ဒီ Thinking Process Development အပြင် နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ခေတ်မှာလည်းရှိခဲ့ပါတယ်။ ကျောင်းသားများအတွက် စံနမူနာအဖြစ် အတုယူနိုင်သော Role Model များအဖြစ်လည်း ဆရာကြီးများဟာ ခဲခဲယဉ်းယဉ်းရပ်တည်ပေးနေကြရပါတယ်။ Inspirational Role Model လို့ခေါ်ပါတယ်။ အဲတော့ ကျွန်တော်တို့တစ်တွေဟာ ကျောင်းဆရာတွေဟာ လူတော်ဖြစ်ရုံတင်မကဘူး၊ ကျောင်းသားတွေကို လူကောင်းဖြစ်အောင်လည်း ပြုစုပျိုးထောင်ပေးရပါတယ်။ စာသင်ခန်းတစ်ခုမှာဝင်လာပြီး အကြောင်းအရာအချက်အလက်တစ်ခုကို ဖတ်ကြား၊ ဟောကြား၊ ပြောကြားသွားရုံနဲ့ ကျောင်းဆရာမဖြစ်ပါဘူး။ ကျောင်းဆရာဖြစ်ဖို့ရန်အတွက် ကျောင်းဆရာကောင်းတစ်ယောက် ဖြစ်ဖို့ရန်အတွက် လေ့ကျင့်ပေးရပါတယ်။ ပြုစုပျိုးထောင်ပေးရပါတယ်။ A Teacher is Both Born and Train နှစ်ခုစလုံးလိုပါတယ်။ ဒါကြောင့် ဆေးတက္ကသိုလ်များမှာ ဆေးပညာရပ်များကို စာတွေ့၊ လက်တွေ့၊ အဆင့်မီစွာ သင်ကြားလေ့ကျင့်ပေးရန် အရည်အသွေးပြည့်ဝသော သင်ကြားရေးဆရာများ အလုံအလောက်ရရှိနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ရေတိုရေရှည်စီမံကိန်းတွေနဲ့ မည်ကဲ့သို့ဆောင်ရွက်လျက်ရှိကြောင်း ဆေးပညာလောကနဲ့ အများပြည်သူ၏ ကိုယ်စားသိရှိလိုသောကြောင့် မေးခွန်းမေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်မှ ဆေးတက္ကသိုလ်များမှာ ဆေးပညာရပ်များကို စာတွေ့၊ လက်တွေ့ အဆင့်မီစွာ သင်ကြားလေ့ကျင့်ပေးရန်နှင့် အရည်အသွေးပြည့်ဝသော သင်ကြားရေးဆရာများ အလုံအလောက်ရရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ရေတိုရေရှည် မည်ကဲ့သို့ဆောင်ရွက်လျက်ရှိကြောင်း သိလိုတဲ့မေးခွန်းနဲ့စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာမြတ်မြတ်အုန်းခင်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဆရာကြီးဦးမောင်မောင်ဝင့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ အပိုင်းသုံးပိုင်းခွဲခြားပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဆေးတက္ကသိုလ်များမှာ ၂၀၀၀ ခုနှစ်မတိုင်မီက တစ်နှစ်လျှင် ကျောင်းသားကျောင်းသူဦးရေ ၅၅၀ ဦး လက်ခံသင်ကြားလေ့ကျင့်ပေးနေရာမှ ၂၀၀၀ ခုနှစ်နောက်ပိုင်း ဆေးတက္ကသိုလ်(မကွေး) ဖွင့်လှစ်ချိန်မှစပြီးတော့ ဆေးတက္ကသိုလ် ၄ ခုမှာ ကျောင်းသား ကျောင်းသူဦးရေ ၂၄၀၀ ဦးထိ တိုးမြှင့်လက်ခံသင်ကြားပေးခဲ့ပါတယ်။ တက္ကသိုလ်များမှ အရည်အသွေးပြည့်မီသော ဆရာဝန်များ စဉ်ဆက်မပြတ်မွေးထုတ်ရေး၊ နိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်မှ ခန့်ထားနိုင်မှုအခြေအနေ၊ ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍမှ ပံ့ပိုးပေးနိုင်သည့်အခြေအနေ၊ တက္ကသိုလ်များရှိ သင်ကြားရေးဆရာများ ခန့်ထားနိုင်မှုအခြေအနေ၊ ဆေးလက်တွေ့သင်ကြားရာတွင် လိုအပ်သည့်လူနာဦးရေ အခြေအနေများကိုသုံးသပ်ပြီး ပါမောက္ခချုပ်များ၊ ပညာရှင်များနှင့် တက္ကသိုလ်အသီးသီးမှ ဆရာဆရာမများမှ နှီးနှောဖလှယ်ပွဲများကျင်းပ၍ အကြိမ်ကြိမ် အကျေအလည်ညှိနှိုင်းဆွေးနွေးခဲ့ပြီး နဝမအကြိမ်မြောက် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်အရ ၂၀၁၂- ၂၀၁၃ ခုနှစ် ပညာသင်နှစ်မှစပြီး ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုကျောင်းသားဦးရေကို ယာယီအစီအစဉ်အားဖြင့် ၁၂၀၀ ဦးသို့ ကျား၊ မ အချိုးညီစွာ လျှော့ချလက်ခံရန်နှင့် သင်တန်းကာလကိုလည်း စုစုပေါင်း ၆ နှစ် မှ ၇ နှစ်သို့ တိုးမြှင့်သင်ကြားပေးရန်ဆုံးဖြတ်ပြီး ယခုနှစ် သင်ကြားရေးနှစ် ၂၀၁၂ ခုနှစ် မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ချိန်မှာ နိုင်ငံတော်ရဲ့လိုအပ်ချက်နဲ့ နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်ခံမည့်ဦးရေကို လိုအပ်သလို ပြင်ဆင်တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နံပါတ်(၂) အနေနဲ့ အရည်အသွေးပြည့်ဝတဲ့ သင်ကြားရေးဆရာဆရာမများဖြစ်လာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ပါကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်များရဲ့ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်း၊ Updated စာအုပ်များ၊ ဂျာနယ်များမှာကြားဖြည့်ဆည်းပေးခြင်း၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ အလုံအလောက်ဖြည့်တင်းပေးခြင်းနှင့် အခြားလိုအပ်ချက်များဖြည့်ဆည်းပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သင်ကြားရေးဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများဖြစ်တဲ့ Diploma သင်တန်း ၆ခု၊ မဟာသိပ္ပံသင်တန်း ၂၉ခု၊ ပါရဂူဘွဲ့လွန်

သင်တန်း ၈ ခု၊ ဆေးလက်တွေ့ပါရဂူဘွဲ့လွန်သင်တန်း ၃၆ ခု၊ စုစုပေါင်းပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်း ၇၉ မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘွဲ့လွန်ရရှိပြီးနောက် စာတွေ့သာမက လက်တွေ့ပါကျွမ်းကျင်စေရန် Training Period ထားရှိရေးကိစ္စများ၊ ပြည်ပနိုင်ငံများသို့ ချိတ်ဆက်ပြီးသင်တန်းများ၊ ဘွဲ့ဒီဂရီများစေလွှတ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆေးတက္ကသိုလ်များနှင့် နှီးနွှယ်တက္ကသိုလ်များအတွက်လည်း ပြည်ပနိုင်ငံများမှာရှိတဲ့ တက္ကသိုလ်များနှင့်ချိတ်ဆက်ပြီး Faculty Exchange, Faculty Development အတွက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တက္ကသိုလ်များမှာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းအား သင်ကြားရေးဆရာဆရာမများ၏ အရည်အသွေးပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသဖြင့် သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေး၊ သင်ကြားရေး ဆရာဆရာမများမှ သုတေသနလုပ်ငန်းများမှာ ပိုမိုစိတ်ဝင်စားစွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနထောက်ပံ့ကြေးများပေးရန်၊ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပပြီးဆုများချီးမြှင့်ရန်နှင့် လက်တွေ့အသုံးချ သုတေသနစာတမ်းများထွက်ပေါ်လာရေး တွန်းအားပေးရန်အတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးပညာသင်ကြားရေးဆရာများ လိုအပ်ချက်ရှိတဲ့ တက္ကသိုလ်များမှာ ၎င်းသင်ကြားရေးဆရာများ တိုးချဲ့ခန့်ထားနိုင်ရေး၊ ရာထူးများတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် တက္ကသိုလ်များ၏ ဖွဲ့စည်းပုံကိုလည်း တိုးချဲ့ပြင်ဆင်ရေးဆွဲပြီးဖြစ်ပါတယ်။ လက်ရှိသင်ကြားရေးဆရာများအား ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေး၊ ဆရာအသစ်များခန့်ထားနိုင်ရေးအတွက်လည်း အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ရာထူးတိုးမြှင့်ခန့်ထားရာမှာ တွဲဖက်ပါမောက္ခ၊ ပါမောက္ခရာထူးများခန့်ထားရန်အတွက် ပါရဂူဘွဲ့နဲ့ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိပြီးသူများအား ဦးစားပေးစဉ်းစားခြင်း၊ ဌာနဆိုင်ရာအကြီးအကဲမှတ်ချက်၊ ဌာနမှူးရဲ့မှတ်ချက်နဲ့ အမှတ်ပေးအကဲဖြတ်မှု Scoring System တို့ကို လိုအပ်ချက်နှင့်အညီ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော သင်ကြားရေးဆိုင်ရာ ဆရာဆရာမများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာဆရာမများ၏ သင်ကြားရေးအရည်အသွေး မြှင့်တင်နိုင်ရန် ဆေးပညာသင်ကြားရေးဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တတိယပိုင်း ရေတိုရေရှည်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ဝါရင့်သဘာရင့် ပညာရှင်ကြီး

များ၊ သက်ပြည့်ပင်စင်ယူပြီးနောက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပညာရှင်ခါးဆက်မပြတ်စေရေးအတွက် ကျွမ်းကျင်သူအဖြစ် ဆက်လက်ခန့်ထားခြင်း၊ လုပ်ငန်းခွင်အတွင်း အခက်အခဲရှိသူများအားလည်း တာဝန်ရှိသူအဆင့်ဆင့်မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားတဲ့ သင်ကြားရေးရာထူးနေရာများမှာလည်း အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်အစားထိုးခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ခြင်းနှင့် ရာထူးတိုးမြှင့်ခန့်ထားရေးနှင့် ပတ်သက်၍လည်း အရည်အသွေးနှင့် အရည်အချင်းသာမက ၎င်းတို့ရဲ့ လုပ်ဆောင်ချက်များအပေါ်မှာလည်း မူတည်စဉ်းစားပြီး ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ ဦးဆောင်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ကော်မတီတစ်ခုတိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီများ၏ တာဝန်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်အစားထိုးဖြည့်စွက်ချက်တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၃၃ တို့အရ လွှတ်တော်ကော်မတီ ၄ ရပ်ကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလအတွင်းတွင်လည်းကောင်း ဥပဒေပုဒ်မ ၂၄၊ ၂၉ နှင့် နည်းဥပဒေ ၇၉၊ ၈၁ တို့အရ လွှတ်တော်ကော်မတီ ၁၉ ခုနှင့် ကော်မရှင်တစ်ခုကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလတွင်လည်းကောင်း တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ကော်မတီ၊ ကော်မရှင်တို့ရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို တာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းကာလကို သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီကနေ့ကာလမှာလည်း လွှတ်တော်နှင့်နိုင်ငံတော်မှာ လိုအပ်နေတဲ့ ကော်မတီအသစ်တစ်ခုဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်နှင့်အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တို့ဖြင့် ထပ်မံတိုးချဲ့ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီအသစ်တစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် မူလကဖွဲ့စည်းထားတဲ့ကော်မတီ၊ ကော်မရှင်များရဲ့ အဖွဲ့ဝင်အမည်စာရင်းလည်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းများကို လွှတ်တော်သို့တင်ပြသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ယခင်ဖွဲ့စည်းခဲ့သော ကော်မတီများ၏ တာဝန်များအပိုင်းတွင်ပါရှိသော တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ညွှန်ကြားချက်များသည်

လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင်စောင့်ကြည့်ထိန်းညှိကူညီရမည်ဟူသောအပိုဒ်အား ပယ်ဖျက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်ဟူသော အပိုဒ်ကို အစားထိုးဖြည့်စွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကျွန်တော် တင်ပြခဲ့တဲ့အချက်များနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောဆန္ဒရယူသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကော်မတီတစ်ခုတိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီများရဲ့တာဝန်နှင့်စပ်လျဉ်း၍ ပယ်ဖျက်အစားထိုးဖြည့်စွက်တင်ပြခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီတစ်ခုတိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီများ၏ တာဝန်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်အစားထိုးဖြည့်စွက်တင်ပြခြင်းများကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်များတွင် ပါဝင်သည့်အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းသည့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ကော်မတီများတွင်ပါဝင်သည့် အဖွဲ့ဝင်များ၏အမည်စာရင်းကိုလည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းသည့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ရှင်းလင်းတင်ပြဖို့ ဒုတိယဥက္ကဋ္ဌအား စင်မြင့်ပေါ်သို့ ဖိတ်ကြားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကြည်ညိုလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ အခုတိုးချဲ့ဖွဲ့စည်းတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ ကော်မတီဝင်များ အမည်စာရင်း၊ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေး၊ သက်တမ်းတို့ကို တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်သည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပါတယ်-

| | | | |
|---|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် | ကော့မှူးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမန်းမောင်မောင်ဉာဏ် | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးမင်းဆွေ | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိုင်းထွန်းစိန် | မိုင်းပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာရှိုအုပ် | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်မြင့် | ဇီးကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်လဲ့လဲ့ဝင်းဆွေ | တာမွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ | ကျောက်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသိန်းညွန့် | သဃ်န်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ် | အတွင်းရေးမှူး |

တို့ဖြစ်ကြပါတယ်။

၂။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဇ)အရ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်ပါသည်။

**ကော်မတီ၏ တာဝန်များ**

၄။ ကော်မတီသည် -

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့အစိုးရ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာနှင့် သက်ဆိုင်သူအားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိကူညီခြင်းပြုရမည်။ အရေးယူဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

( ခ ) တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသော အကြောင်းကိစ္စများဖြစ်ပေါ်ရန် အကြောင်း ပေါ်ပေါက်ပါက၊ ပေါ်ပေါက်သည်ဟုယူဆပါက သက်ဆိုင်ဆက်စပ်သည့် အဖွဲ့အစည်း များကို ကူညီစောင့်ကြည့်ထိန်းညှိပေးရမည်။

( ဂ ) တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်လာရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

( င ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ထိန်းညှိကူညီရမည်။

( စ ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၅။ ကော်မတီသည်လုပ်ငန်းနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်း များကိုဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်း များနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

၈။ ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

( ခ ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင်ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များ ရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုး ပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက

တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၉။ ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၀။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း တာဝန်အရခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခံရခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်ပါတယ်။

ကျန်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းတဲ့ ကော်မတီများတွင်ပါဝင်တဲ့ အဖွဲ့ဝင်များရဲ့ အမည်စာရင်းကိုတော့ သီးခြားကြေညာသွားမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီ၊ ကော်မရှင်များတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်းကောင်း၊ တိုးချဲ့ ဖွဲ့စည်းသည့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ၊ ဆွေးနွေးတင်ပြရုံမျှဖြင့် လွှတ်တော်လုပ်ငန်းတာဝန်များကျေပွန်သည်ဟု မှတ်ယူ၍မရပါ၊ မှတ်ယူ၍မဖြစ်ပါ။ လွှတ်တော်ကော်မတီအသီးသီးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ဆက်နွယ်ဆက်စပ်သော အဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်မှုများပါဝင်မှသာ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ကော်မတီများသည် လွှတ်တော်အတွင်းမှ လွှတ်တော်အငယ်လေးများဖြစ်ပါတယ်။ ကော်မတီများ၏ စွမ်းဆောင်မှုမြင့်မားလျှင် မြင့်မားသလောက် လွှတ်တော်ရဲ့တာဝန်ဖြစ်သော နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဖော်ဆောင်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအား ကော်မတီမှအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မှန်ကန်စွာနှင့် စေတနာပါစွာ ဆောင်ရွက်သွားကြပါရန် တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ တင်ပြခဲ့တဲ့ ကော်မတီ၊ ကော်မရှင်များတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တိုးချဲ့ဖွဲ့စည်း

သည့်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က သဘောတူတဲ့အတွက် တင်ပြပါ ကော်မတီ၊ ကော်မရှင်များတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ တိုးချဲ့ဖွဲ့စည်းသည့်ကော်မတီများနှင့် သက်ဆိုင်သော တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီက ယခင်တင်ပြခဲ့သော အစီရင်ခံစာနှင့်စပ်လျဉ်း၍ ထပ်မံတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ယခင်ကတင်ပြခဲ့တဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာလွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌက တင်ပြရန်ရှိပါတယ်။ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌအား တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနန္ဒကျော်စွာ(ဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ကြည်ညိုရိုသေ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသွားခဲ့တဲ့ အစီရင်ခံစာအပေါ်မှာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းနဲ့ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တို့က အကြံပြုဆွေးနွေးသွားခဲ့ကြပါတယ်။ အဲဒီ ဆွေးနွေးသွားခဲ့ကြတဲ့ ကိုယ်စားလှယ်နှစ်ဦးနဲ့ အခွင့်အရေးကော်မတီဝင်များ၊ စိတ်ဝင်စားသူများပါဝင်ပြီး သီးသန့်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ရာမှာ ဆွေးနွေးချက်ရလဒ်အနေနဲ့ အခွင့်အရေးကော်မတီ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်ပြီး ကျိုးကြောင်းဆီလျော်ကောင်းမွန်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒအတိုင်း ဥပဒေနှင့်အညီ လုပ်ငန်းဆောင်တာများ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကိုယ်စားလှယ်ကြီး

များသိရှိရန်အတွက် ထပ်မံတင်ပြလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို နေ့လယ် ၁၁း၃၀ အချိန်မှာ ပြန်လည် ကျင်းပမှာ ဖြစ်ပါတယ်။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို စတင်ဆွေးနွေးပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ ဥပဒေကြမ်းတစ်ခုလုံးပါမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလပြဋ္ဌာန်းချက်

သို့မဟုတ် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံသည်ဟု မှတ်ယူမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီ အပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးခြင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထား ရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းဟာ နိုင်ငံသားနှင့် နိုင်ငံတော်အတွက် အင်မတန်မှ အရေးကြီးတဲ့ ဥပဒေကြမ်းတစ်ခုဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အပိုဒ်၊ အပိုဒ်ခွဲမတိုင်ခင် ဆွေးနွေးလိုကြတဲ့ပုဂ္ဂိုလ်များတင်ပြထားတဲ့အတွက် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းရှိကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တော်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများကို ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ၁၈-၇-၂၀၁၂ ရက်နေ့ကလည်း ကျွန်တော်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ခြုံငုံသုံးသပ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဇူလိုင်လ ၃၁ ရက်နေ့နှင့် ဩဂုတ်လ ၁ ရက်နေ့များမှာလည်း ပြင်ဆင်ချက်အဆို တင်သွင်းထားသူ ကိုယ်စားလှယ်ပေါင်း ၃၀ ဦးနှင့်အချက်ပေါင်း ၁၃၉ ချက်ကို တစ်ချက်ချင်းစီအလိုက် ဥပဒေကြမ်းကော်မတီရဲ့ ဦးဆောင်မှုဖြင့် ဆွေးနွေးညှိနှိုင်းမှုတွေပြုခဲ့ပါတယ်။ မည်သည့်အတွက်ကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အပင်ပန်းခံပြီး ဆွေးနွေးတိုင်ပင်နေကြတာလဲလို့ မေးမယ်ဆိုရင် မေးစရာရှိပါတယ်။ အဖြေကတော့ နိုင်ငံနှင့် ပြည်သူတွေအတွက် အလုပ်လုပ်နေတာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးကာမှ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှုမရှိဘူးဆိုရင် ကျွန်တော်တို့အားလုံး တာဝန်မကျေပွန်ရာရောက်မှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါတယ်။ မရှိမဖြစ်လိုအပ်ချက်လည်းဖြစ်ပါတယ်။ ဒီအချိန်ကာလဟာ အလွန်အရေးကြီးတဲ့ကာလလည်းဖြစ်ပါတယ်။

ဆေးမင်ရည် စုတ်ထိုးသလိုပဲ မှားသွားပါက ပြန်ပြင်ရန် ခက်ခဲတဲ့သဘောရှိပါတယ်။ ဒါကြောင့် သေချာအောင်အချိန်ယူပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အချိန်ယူတယ်၊ အချိန်ဆွဲတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ နောက်ကျကုန်တော့မှာပဲလို့ စွပ်စွဲပြစ်တင်သံများနှင့်အတူ စိတ်ဆိုးနေတယ်လို့ကြားသိရတဲ့အတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ အမြန်ဆုံးပြီးစီးအောင် ဒီဥပဒေမူကြမ်းကို ဆောင်ရွက်ဖို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ကျွန်တော်တို့ကို ဆုံးဖြတ်လမ်းညွှန်ထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့တစ်တွေ ကြိုးစားပြီးတော့ ဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲနိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရဲ့အသံ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များရဲ့အသံ၊ သာမန်စားသုံးသူပြည်သူများရဲ့အသံများကို နားထောင်နိုင်လျှင် ပိုကောင်းပါတယ်လို့ ဦးဆက်အောင်ရဲ့ ဆွေးနွေးချက်ကို နားထောင်လိုက်ရပါတယ်။ အခုကြုံတွေ့နေရတဲ့ပြဿနာက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရဲ့အသံကိုသာ နားထောင်ပြီး ဦးစားပေးပြောဆိုသုံးနှုန်းမှုတွေကြောင့် ပြည်သူတွေ စိုးရိမ်ပူပန်နေရခြင်းဖြစ်ပါတယ်။ ဒါကြောင့် တာဝန်ရှိသူများမှ လက်ခံတွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းပြပေးပါ။ သူတို့ရဲ့ လိုအပ်ချက်ကို နားလည်သဘောပေါက်ပြီး အားပေးကူညီပေးသင့်ပါတယ်လို့ လွှတ်တော် (၁၁) ရက်မြောက်နေ့က ကျွန်တော်ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီကနေ့ရင်းနှီးမြှုပ်နှံမှုတွေ မလာသေးတာဘာကြောင့်လဲ။ ကျွန်တော်တို့ကို အပြစ်ပြောမယ့်အစား ပြန်စဉ်းစားသင့်ပါတယ်။ နိုင်ငံခြားအချို့အဖွဲ့အစည်းက အချက် ၆ ချက်ကိုထောက်ပြပါတယ်။ (၁) တရားဥပဒေစိုးမိုးရေး (Rule of Law) ဖြစ်ပါတယ်။ (၂) စီးပွားရေးနှင့်ကုန်သွယ်မှုတွင် ထင်သာမြင်သာရှိမှု (Openess to International Trade and Business) ဖြစ်ပါတယ်။ (၃) နိုင်ငံရေးတည်ငြိမ်မှု (Political Stability) ဖြစ်ပါတယ်။ (၄) အဂတိလိုက်စားမှု (Corruption)၊ (၅) အခွန်စည်းကြပ်မှု (Taxation) (၆) ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု (Finical and Monetary Administration) လို့ သူတို့ရဲ့အမြင်ကိုသူတို့ပြောပါတယ်။ ကျွန်တော်အမြင်နဲ့ပြောရရင်တော့ (၁) စီးပွာရေးပိတ်ဆို့မှု(Sanction) ဖြစ် ပါတယ်။ (၂) တရားဥပဒေ စိုးမိုးမှု (Rule of Law) ဖြစ်ပါတယ်။ (၃) အခြေခံအဆောက်အအုံ (Infrastructure) လမ်း၊ မီး ဒါတွေပြည့်စုံအောင်လုပ်ပေးဖို့လိုပါတယ်။ မပြည့်စုံသေးလို့ မလာနိုင်တာဖြစ်ပါတယ်။ နောက် (၄) ဘဏ်ငွေကြေးဆိုင်ရာအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်။ ဒီအချက်တွေကို ဦးစားပေးပြီးတော့ ပြုပြင်ဆောင်ရွက်ပေးမယ်ဆိုရင် ဒါတွေဟာ လျှောလျှောရှူရှူနဲ့ ဝင်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်ဟုန်ထိုး

ဝင်ရောက်လာပါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အနည်းနှင့်အများဆိုသလို ထိခိုက်နိုင်ပါတယ်။ ထိုထိခိုက်မှုများကို ကာကွယ်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ကန့်သတ်ချုပ်ကိုင်ခြင်းထက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား ထိရောက်သည့်ပံ့ပိုးထောက်ပံ့မှုများ ပေးရန်ကိုသာ စဉ်းစားသင့်ပါတယ်လို့ ဦးဆက်အောင်က အကြံပြုပါတယ်။ ဒီအကြံပြုချက်ကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ Level Play Ground မှာ တန်းတူရည်တူကစားနိုင်ဖို့ နိုင်ငံတော်က စီစဉ်ပေးမယ်၊ လိုအပ်တာကိုပံ့ပိုးပေးမယ်ဆိုရင် အတိုင်းထက်အလွန် ဝမ်းသာစရာဖြစ်ပါတယ်။ အရင်တုန်းကတော့ ငွေကြေးဆိုင်ရာထောက်ပံ့မှုဆောင်ရွက်ပေးနိုင်မည့် ဘဏ်စနစ်ထူထောင်ပေးမယ်ဆိုရင် အားလုံးဝမ်းသာရမှာ ဖြစ်ပါတယ်။ ဘဏ်စနစ်ကောင်းကောင်းဖြင့်သာ ကူညီထောက်ပံ့ပေးမယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းရှင်တွေမကြောက်ပါဘူး။ စိန်ခေါ်နိုင်ပါတယ်။ Level Play Ground မှာ တန်းတူရည်တူ ကစားနိုင်ပါတယ်။ ဆရာဦးအောင်ထွန်းသက် ပြောသလို Jump Step ဖြစ်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ စိတ်ပူနေတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတော့ ဒါဆွေးနွေးနေပြီ ထွက်လာတော့မယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေက ဘယ်တော့ထွက်လာမှာလဲဆိုတာပါပဲ။ ဝန်ကြီးဌာနက ပြုစုထားတဲ့ဥပဒေကိုမြန်အောင် လွှတ်တော်ကိုပေးဖို့ ဆောင်ရွက်ပေးဖို့ရန်အတွက်ကို လွှတ်တော်ဥက္ကဋ္ဌကြီး ကိုယ်တိုင်တောင်းဆိုသော်လည်း မရခဲ့ပါဘူး။ ဒါကြောင့် ပြည်တွင်းလုပ်ငန်းရှင်တွေ စိတ်ပူနေတဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မကြာမီ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးဆောင်ရွက်တော့မှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကိုလည်း အသိပေးတင်ပြအပ်ပါတယ်။ ဒီကနေ့ ဆွေးနွေးမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းတွင် လုပ်သာကိုင်သာရှိသည့် အခွင့်အရေးနှင့်လုပ်ငန်းများကို ဖွင့်ပေးထားတာရှိပါတယ်။ အချို့လုပ်ငန်းများကို ပိတ်ထားတာလည်းရှိပါတယ်။ သို့သော်လည်း အဆိုပါပိတ်ပင်တားမြစ်ချက်များကို ကျော်လွှားနိုင်မည့် နည်းလမ်းများလည်း ထည့်သွင်းပြီးတော့ လမ်းဖွင့်ပေးထားပါတယ်။ ဥပမာပြောရရင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းတဲ့ လုပ်ငန်းတွေပါပါတယ်။ ဒါ ကျွန်တော်တို့ ပိတ်ထားတာ။ သို့သော်လည်းပဲ နိုင်ငံတော်ရဲ့ လိုအပ်ချက်ပေါ်မှာမူတည်ပြီးတော့ ဒါကော်မရှင်အနေနဲ့ နိုင်ငံတော်အစိုးရကို တင်ပြပြီးတော့ ဒါတစ်ဆင့် ပြည်သူ့လွှတ်တော်ရဲ့ သဘောတူမှုနဲ့ဆောင်ရွက်မယ်ဆိုရင် ဆောင်ရွက်လို့ရနိုင်ပါတယ်လို့ ကျွန်တော်တို့ ဒီလိုလမ်းဖွင့်ပေးထားတာလည်းရှိပါတယ်။ နောက် Import Substitution ဆိုတာလည်း ဒီရည်ရွယ်ချက်လေးတစ်ခုနဲ့လာမယ်ဆိုရင် ကျွန်တော်တို့တစ်တွေနဲ့ ဒါမဖြစ်သင့်ဘူးလို့ ဒီလိုယူဆချက်တွေနဲ့

ကျွန်တော်တို့ ပိတ်ထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက ကျွန်တော်ပြောသလို နိုင်ငံတော်အတွက် အကျိုးရှိမယ်ဆိုရင် ပြန်ပြီးတော့ ဖွင့်ပေးမယ်ဆိုရင်လည်း ဖွင့်ပေးလို့ရနိုင်တဲ့ ဥပဒေရဲ့ သဘောအရ အဖွင့်အပိတ်တွေလည်းရှိပါတယ်။ သို့သော် ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်၊ တင်ပြချက်၊ အားနည်းချက်တွေအပိုင်းလည်း ရှိနိုင်ပါတယ်။ ဒါကတော့ နိုင်ငံတကာ ကျွန်တော်တို့ အာဆီယံမှာ သဘောတူညီချက် အာဆီယံ+၃နဲ့ ဒါသဘောတူညီချက်တွေ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဒါကိုတော့ ကျွန်တော်တို့ဘက်က တင်ပြတဲ့အချက်တွေ အားနည်းကောင်း အားနည်းပါမယ်။ သို့သော်လည်း ဒါတွေဟာ ဆွေးနွေးပြီးတော့ အကြံပြုတာဆောင်ရွက်သွားမယ်ဆိုရင် အင်မတန်ကောင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ခုဟာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်ဝယ်တွင်ရှိရေးဟူသော စီးပွားရေးဦးတည်ချက်အမြင်များနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမူကြမ်းကို ဆွေးနွေးအတည်ပြုပေးပါလို့ ပန်ကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ Foreign Direct Investment Law နဲ့ပတ်သက်၍ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ကြရာမှာ အဓိကလိုအပ်ချက်များအဖြစ် လူသားလုပ်အား၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ နည်းပညာစသည်တို့ရှိပါတယ်။ ၎င်းလိုအပ်ချက်များကို မိမိနိုင်ငံအတွင်းမှ ရရှိနိုင်ပါက မိမိ၊ မိမိနိုင်ငံသားများဖြင့် ဆောင်ရွက်ကြရန်ဖြစ်ပြီး မိမိတွင်မပြည့်စုံပါက အခြားသူ၊ အခြားနိုင်ငံများမှ ရယူဆောင်ရွက်ကြရန် ရှိပါတယ်။ တစ်ဦးနှင့်တစ်ဦး ဖက်စပ်ဆောင်ရွက်ရာမှာ မိမိနိုင်ငံသားမဟုတ်သော နိုင်ငံခြားသားများထံမှ အရင်းအနှီးများ၊ နည်းပညာများရယူရန် လိုအပ်သောအခါတွင် ရယူနိုင်ရန် စီမံဆောင်ရွက်ကြမှာ

ဖြစ်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အရင်းအနှီးများရရှိရေး နည်းလမ်းအသွယ်သွယ်ရှိပါတယ်။ အကူအညီရယူ၍လည်းကောင်း၊ ချေးငွေရယူ၍လည်းကောင်း၊ FDI ရယူ၍လည်းကောင်းဟူ၍ ဆောင်ရွက်ရသော နည်းလမ်းများရှိပါတယ်။ ထိုကဲ့သို့ အရင်းအနှီးရရှိနိုင်သောပုံစံများကို ပြန်လည် စိစစ်ကြည့်ပါက အကူအညီပေးမှုများကတော့ ဒါမိမိတို့အနေနဲ့ လက်ခံရမှာဖြစ်ပါတယ်။ ချေးငွေနှင့် FDI တို့ နှစ်ခုကိုတော့ နှိုင်းယှဉ်ပြီးမှ မည်သည့်နည်းနှင့် ရွေးချယ်သင့်တယ်လို့ စဉ်းစားရမှာဖြစ်ပါတယ်။ အကျိုးအမြတ်ရရှိမှာသေချာပြီး အမြတ်ရာခိုင်နှုန်းများတဲ့လုပ်ငန်းတွေကို FDI ဖြင့် ဆောင်ရွက်ခြင်းထက် Loan ဖြင့် ပြည်ပချေးငွေဖြင့်ရယူ၍ ဆောင်ရွက်သင့်ပါတယ်။ ဥပမာအားဖြင့် ရေအား လျှပ်စစ်လုပ်ငန်းကဲ့သို့သော လုပ်ငန်းများဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားကြီးမားပြီး အမြတ်ရရှိရန် မသေချာသောလုပ်ငန်းများကိုမူ FDI ဖြင့်ဆောင်ရွက်ရန် စဉ်းစားရမည် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားနှင့် သဘာဝပေါ်တွင်မူတည်၍ ချေးငွေဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ FDI ဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်းများကို နည်းလမ်းရွေးချယ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးတင်ပြရပါလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ စိုက်ပျိုးမြေများကို နိုင်ငံခြားသားများသို့ နှစ် ၅၀ လုပ်ကိုင်ခွင့်ပြုသည်ဆိုသည့်အချက် မူလဥပဒေဟောင်းတွင် ပါရှိပါတယ်။ အချက်ကတော့ မိမိနိုင်ငံသားများ လုပ်ကိုင်စားသောက်ရန်ပင် မလောက်ငှပါ၍ ပြန်လည်စဉ်းစားသင့်ပါတယ်။ မိမိ၏ အိမ်နီးချင်း ထိုင်းနိုင်ငံဆိုပါလျှင် သူ့၏စိုက်ပျိုးမြေများကို သူ့၏နိုင်ငံသားများအတွက်သာ ဆောင်ရွက်ခွင့်ပြုရန် ပြဋ္ဌာန်းထားပါတယ်။ မိမိနိုင်ငံ၏ မြေများကိုပင် သူ့နိုင်ငံသားများ၏ လုပ်ဆောင်ရန်အတွက် လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနေသူကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မိမိနိုင်ငံ အနေဖြင့်လည်း ထိုကဲ့သို့စဉ်းစား၍ စိုက်ပျိုးရေး၊ မြေလွတ်၊ မြေရိုင်းများကိစ္စကို မိမိနိုင်ငံသားများ အတွက်သာ ဆောင်ရွက်ခွင့်ပြုထားသင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ တစ်ဖက်မှာ ဆိုရန်ရှိသည်မှာ မိမိနိုင်ငံ၌ မြေလွတ်၊ မြေရိုင်း စိုက်ပျိုးမြေများစွာ ကျန်ရှိနေသည်ကို ပြောရန်ရှိလာပါတယ်။ ထိုကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရလျှင် မိမိနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်သီးနှံနှင့် ကုန်ပစ္စည်းများရောင်းဝယ်မှုမှာ နှစ်များစွာ အထိန်းအကွပ်များအောက်၌ ဈေးနှုန်းမရခဲ့ပါ။ လယ်ယာထွက်ကုန်

ဆန်စပါးကို စားသုံးသူများ အခြေခံစားကုန်အဖြစ်သတ်မှတ်ပြီး ဈေးနှုန်းကန့်သတ်ခဲ့ပါတယ်။ သို့ပါ၍ စိုက်ပျိုးသူများ အကျိုးမရှိတဲ့အတွက်ကြောင့် ကြိုးပမ်းမဆောင်ရွက်နိုင်ခဲ့ပါ။ ဆီထွက်သီးနှံများမှာလည်း ပြည်ပသို့တင်ပို့ခွင့်မရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ စိုက်စရိတ်မကာမိလို့ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါ။ ထိုနည်းတူစွာ ရော်ဘာလုပ်ငန်းဆိုလို့ရှိရင်လည်း နှစ်များမကြာမီကမှ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိတဲ့အတွက်ကြောင့်မို့လို့ ယခုမှ မိမိနိုင်ငံသူနိုင်ငံသားတွေ အားကြိုးမာန်တက်နဲ့ဆောင်ရွက်ဖို့ ပြင်ဆင်နေတဲ့လုပ်ငန်းမျိုးဖြစ်ပါတယ်။ သို့ပါ၍ မြေလွတ်၊ မြေရိုင်းများ ကျန်ရှိနေခြင်းသာဖြစ်ပါတယ်။ အချို့သောကုမ္ပဏီများသည်လည်း အမှန်တကယ်ဆောင်ရွက်လိုသော ဆောင်ရွက်နိုင်သောသူများမဟုတ်ဘဲ နေရာယူထားခြင်းသာ ဖြစ်ပါတယ်။ အမှန်တကယ်လုပ်လိုသူ၊ လုပ်ကိုင်နိုင်သူများမှာ ထိုကုမ္ပဏီများနှင့်ယှဉ်ပြိုင်၍ မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးရယူနိုင်ခြင်းမရှိပါ။ မိမိနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ယနေ့ပြောင်းလဲလာသောနိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေနှင့် တိုးတက်လာသော အသိဉာဏ်ဗဟုသုတများကြောင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လိုသူ၊ ဆောင်ရွက်နိုင်သူများရှိနေပါသဖြင့် လယ်ယာနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံသားများအတွက်သာ ထိန်းသိမ်းထားရှိသင့်ပါကြောင်း တင်ပြထားရခြင်း ဖြစ်ပါသည်။ FDI ကို ဖိတ်ခေါ်ဆောင်ရွက်ရာတွင် မိမိနိုင်ငံသားများ လုပ်ကိုင်ဆောင်ရွက်နိုင်သောအသေးစား၊ အလတ်စား၊ စီးပွားရေးလုပ်ငန်းများကို မိမိနိုင်ငံသားများအတွက်သာ ထားရှိပေးရန်တင်ပြထားရှိပါသည်။ ယင်းသို့တင်ပြထားခြင်းမှာ FDI ၏ရည်ရွယ်ချက်မှာ မိမိနိုင်ငံသားများအလုပ်အကိုင်ရရှိရေး အဓိကဟုဆိုပါသည်။ ယနေ့ မိမိနိုင်ငံသားလုပ်ငန်းရှင်များ ဆောင်ရွက်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများတွင်လည်း လုပ်သားပေါင်းများစွာကို အလုပ်အကိုင်များစွာ ပေးလျက်ရှိနေပါတယ်။ FDI ကို အသေးစား၊ အလတ်စားများအထိ လုပ်ကိုင်ခွင့်ပြုပါက မိမိနိုင်ငံသား လုပ်ငန်းရှင်ငယ်လေးများ တိမ်မြုပ်ပျက်သုဉ်းသွားပြီး ၎င်းလုပ်ငန်းများရှိ လုပ်သားများစွာလည်း အလုပ်လက်မဲ့ဖြစ်ခြင်း သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းအတွက် လာရောက်လုပ်ကိုင်သော လုပ်ငန်းများသို့ပြောင်းရွှေ့လုပ်ကိုင်ခြင်းတို့သာ ဖြစ်ပါတယ်။ ထုတ်ကုန်ပစ္စည်းတစ်ခုအတွက် သုံးစွဲလိုမှုဈေးကွက်မှာပြောင်းလဲမှုမရှိနိုင်ပါ။ သို့ပါ၍ အလုပ်အကိုင်အခွင့်အလမ်း ပမာဏမှာလည်း ပြောင်းလဲသွားမည်မဟုတ်ဘဲ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်လက်အောက်မှ နိုင်ငံခြားသားစီးပွားရေး လုပ်ငန်းရှင်လက်အောက်သို့ ခေါင်းစဉ်ပြောင်းလဲခြင်းသာဖြစ်ပြီး မိမိနိုင်ငံသားများအနေဖြင့် လုပ်ငန်းရှင်ဘဝမှဝန်ထမ်းဘဝသို့ ပြောင်းလဲရမည်သာ ဖြစ်ပါတယ်။ ဤနေရာတွင် မိမိတို့အကာအကွယ်ပေးတင်ပြ

နေသည်မှာ အခွင့်ထူးခံလူနည်းစုလုပ်ငန်းရှင် အချို့ကို ကာကွယ်နေခြင်းမဟုတ်ဘဲ မိမိနိုင်ငံသားနှင့် မိမိနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်အားလုံးကို ကာကွယ်ပေးရန် တင်ပြနေခြင်းသာ ဖြစ်ပါသည်။ မိမိနိုင်ငံသားများသည် အရည်အချင်းနိမ့်ကျသူများ မဟုတ်ကြပါ။ သို့ပါ၍ မိမိနိုင်ငံ၏ စားသုံးသူ ဈေးကွက်အတွက် လိုအပ်သောကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို နိုင်ငံသား အားလုံး ညီမျှသောအခွင့်အရေးဖြင့် ဆောင်ရွက်စေမည်ဆိုပါက နိုင်ငံတော်အပိုင်းမှလည်း လိုအပ် သောပံ့ပိုးကူညီမှုများကို စိတ်အားထက်သန်စွာဖြင့် ပေးမည်ဆိုပါက နိုင်ငံသားများ၏ စီးပွားရေး လုပ်ငန်းများအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။ သို့ပါ၍ လက်ရှိအနေအထားတွင် အတန်ငယ် အဆင့်အတန်းနိမ့်ကျနေသည်ဟု ထင်ရသော်လည်း ပြောင်းလဲလာသော ခေတ်စနစ်တွင်မူ လုပ်ငန်းရှင် များသည် တူညီသောအခွင့်အရေးကို ညီမျှစွာရရှိခြင်းဖြင့် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်မည် ဆိုပါက စီးပွားရေးနယ်ပယ်အသီးသီးတိုးတက်လာပြီး နိုင်ငံအတွင်း အလွှာပေါင်းစုံတိုးတက်မှုရရှိမည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။ ယနေ့အချိန်တွင် FDI လာရောက်မှုများစွာမရှိသေးခြင်း အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်။ FDI လာရောက်မှုများစွာမရှိသေးခြင်း အကြောင်းမှာ ၎င်းတို့အနက်မှ အဓိကအကြောင်းမှာ သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ခွင့်ပြုချက် မရရှိသေးခြင်းကြောင့် Sanction ကြောင့်ဖြစ်ပါသည်။ နိုင်ငံရေးအရ မိမိနိုင်ငံအား စီးပွားရေး ပိတ်ဆို့ရန် ဆုံးဖြတ်ထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံလိုသော ကုမ္ပဏီများ လာရောက်ရန်အတွက် အခက်အခဲရှိနေခြင်းသာ ဖြစ်ပါသည်။ FDI Law မရှိ၍ FDI Law မကောင်း၍မဟုတ်ပါ။ တည်ဆဲ FDI Law ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ၎င်း Law တွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လုပ်ကိုင်ဆောင်ရွက်လိုအောင် ဆွဲဆောင်မှုများစွာ ပေးထားပြီးဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် မလာရောက်နိုင်သည့်အကြောင်းမှာ အဓိကအခြေခံလိုအပ်ချက်များဖြစ်သော လျှပ်စစ်ဓာတ်အား၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံလိုအပ်ချက်များ လုံလောက်စွာ ကောင်းမွန်မှုမရှိသေးခြင်း အတွက် FDI များ လာရောက်ခြင်းမရှိရခြင်းဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြရင်း မိမိတို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် FDI Law ကို ကြိုးစားဆောင်ရွက်နေသည့် အနေအထားကို တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဧည့်သည်တော်များအား

ကျွန်တော် ဦးဝင်းဦး ရေဖြူမဲဆန္ဒနယ်မှ လေးစားစွာ ဂါရဝပြုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသားများဟာ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်လာမှာကိုသော်လည်းကောင်း၊ ASEAN-AFTA Agreement အရ ၂၀၁၅ မှာ အာဆီယံနိုင်ငံများမှ လွတ်လပ်စွာ ကုန်သွယ်မှုပြုလာမှာကိုသော်လည်းကောင်း မလိုလားခြင်းမရှိပါဘူး။ ကျွန်တော်တို့ အထူးကြိုဆိုပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ကျွန်တော်တို့ လုပ်နေတဲ့လုပ်ငန်းတွေမှာ နိုင်ငံခြားမှ ငွေကြေး အရင်းအနှီး၊ နည်းပညာ၊ စက်မှုပစ္စည်းများ အမှန်တကယ်လိုအပ်နေတဲ့အတွက် ကျွန်တော်တို့ ကြိုဆိုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကြောက်ရွံ့ခြင်းလည်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီ FDI Law ကို ကျွန်တော်တို့ အကြောင်းမဲ့အချိန်ဆွဲနေခြင်းလည်း မရှိပါဘူး။ အမြန်ဆုံးပြီးလေ ကောင်းလေဆိုပြီးတော့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ သို့သော်လည်း မြန်တိုင်းမှန်မလား၊ မြန်မြန်ပြီးတိုင်းရော ကောင်းမလားဆိုတဲ့အချက်နဲ့ ကျွန်တော်တို့ စဉ်းစားပြီးတော့ သေချာလုပ်ကိုင်နေပါတယ်။ ကျွန်တော်တို့ အဓိကစိုးရိမ်တာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် ကျွန်တော်တို့ နိုင်ငံသားများအနေနဲ့ရော တန်းတူအခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ၊ ကျွန်တော်တို့ နိုင်ငံသားတွေ မရရှိခဲ့ရင်လို့ စိုးရိမ်ပူပန်မှုနဲ့ ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့ ဥပဒေဟာ ပွင့်လင်းမြင်သာဖို့၊ ခိုင်မာမှုရှိဖို့ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ပေးနိုင်ရန်အတွက်သာ ကျွန်တော်တို့ ကြိုးစားလုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့လည်း ကျွန်တော်တို့ အာဆီယံနိုင်ငံက လုပ်ငန်းလုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေ၊ EU က ယူရိုနိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့လည်း မကြာခဏ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ဖူးပါတယ်။ အဲဒီအခါမှာ သူတို့ကိုယ်တိုင်လည်း သူတို့စိုးရိမ်နေတဲ့အချက်ကလေးတွေ တင်ပြခဲ့ကြပါတယ်။ သူတို့ စိုးရိမ်နေတဲ့အချက်ကလေးတွေကိုလည်း ဒီဖြစ်သင့်ဖြစ်ထိုက်တဲ့ဥပဒေ ခိုင်မာရေး၊ အာမခံရှိသော ဥပဒေဖြစ်ရေး ဒီအချက်တွေလည်း ဒီဥပဒေမှာ ပါဝင်ပြဋ္ဌာန်းနိုင်ရေးကို ကျွန်တော်တို့ အလေးထားဆောင်ရွက်နေတာ ဖြစ်ပါတယ်ခင်ဗျား။ ထို့အပြင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးကနေ အတည်ပြုပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေတိုင်း ခိုင်မာရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ ယနေ့ခေတ်စနစ်နဲ့ ကိုက်ညီရုံသာမဟုတ်ဘဲ လာမယ့်အနာဂတ်ကာလမှာပါ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ၊ နိုင်ငံသားများရဲ့အကျိုးစီးပွားကို ကာကွယ်ရေး အလေးထားဆောင်ရွက်နေခြင်းဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ တည်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရှိပါတယ်။ အဲဒါကို ကျွန်တော်တို့နဲ့ ရင်းနှီးခင်မင်တဲ့ နိုင်ငံခြားသားများ၊

စီးပွားရေးလုပ်ငန်းရှင်များက Sugar Coated Medicine သကာရည်လောင်းထားတဲ့ ဆေးခါးရည် လို့နောက်ပြောင်ကြတယ်။ ဘာဖြစ်လို့ ဒီလို ပြောတာလဲလို့ ကျွန်တော်တို့ မေးကြည့်တဲ့အခါကျတော့ ရင်းနှီးမြှုပ်နှံမှုတွေကို နိုင်ငံတိုင်းက ဖိတ်ခေါ်ပါတယ်။ အခွင့်အရေးတွေ Incentive တွေ၊ နိုင်ငံအလိုက် နည်းမျိုးစုံနဲ့ပေးနေကြပါတယ်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံသူများဟာ အခွင့်အရေးပေးတိုင်း၊ Incentive တွေရတိုင်း အဲဒီနိုင်ငံကို သွားတာမဟုတ်ပါဘူး။ သူတို့ ယုံကြည်မှု၊ ခိုင်မာမှုရှိမှ အာမခံချက်ရှိတဲ့နိုင်ငံကိုသာ သူတို့သွားတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် သူတို့ရဲ့အကြံပြုချက် တွေအရလည်း ကျွန်တော်တို့ မှတ်သားထားရာမှာ (၁)အချက် နိုင်ငံရေးအရ တည်ငြိမ်မှုရရှိရေး၊ ယနေ့ပြုပြင်ပြောင်းလဲနေသော လမ်းကြောင်းသွေဖည်သွားမှုမရှိစေရေးနှင့် နောက်ကြောင်းပြန်မလှည့် သွားစေရေး၊ (၂)အချက် ပွင့်လင်းမြင်သာပြီး လွတ်လပ်မှုနှင့် တရားမျှတမှုမရှိစေရေး၊ (၃)အချက် အခြေခံအဆောက်အဦတွေဖြစ်တဲ့ Infrastructure တွေ ကျွန်တော်တို့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေ၊ ဆက်သွယ်ရေးတွေ၊ ပို့ဆောင်ရေးတွေစသဖြင့် အဓိကအခြေခံလိုအပ်တဲ့အချက်တွေ ကောင်းမွန်ပြည့်စုံရေး၊ (၄)အချက် ငွေကြေးနှင့်ဘဏ်များဆိုင်ရာ လုပ်ငန်းပြည့်စုံကောင်းမွန်ရေး၊ အခြေခံလူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းရေးအလုံးစုံ ရရှိဖြစ်ထွန်းရေး၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး၊ နောက်ဆုံးအချက်ကတော့ အဂတိလိုက်စားမှု ပပျောက်ရေးဆိုတဲ့အချက်များနဲ့ ပြည့်စုံရင် သူတို့အနေနဲ့ စိတ်ချယုံကြည်စွာ လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့ ဒီလိုပြောခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့အနေနဲ့လည်း ၎င်းတို့လိုလားတဲ့အချက်တွေ အားလုံးနဲ့ကိုက်ညီအောင် မစွမ်းဆောင်နိုင် သေးသော်လည်း အကောင်းဆုံးနဲ့ ခိုင်မာသော ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ကျွန်တော်တို့ ကြိုးစား အကောင်အထည်ဖော်နေခြင်းလည်းဖြစ်ပါတယ်။ ဒါမှလည်း ရင်းနှီးမြှုပ်နှံသူများက ယုံကြည်လေးစား မှုနှင့်အတူ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်တဲ့ဥပဒေများ ဖြစ်ဖို့လည်းလိုပါတယ်။ ရေတိုရေရှည် ရင်းနှီး မြှုပ်နှံမှုများနှင့်အတူ ကျွန်တော်တို့ နိုင်ငံနှင့်နိုင်ငံသားများဟာလည်း နိုင်ငံတကာနှင့်တန်းတူ ဖွံ့ဖြိုး တိုးတက်လာစေချင်သော ဆန္ဒနှင့် ကျွန်တော်တို့ ရည်ရွယ်လုပ်ကိုင်နေခြင်းဖြစ်ပါတယ်လို့ ဆွေးနွေး တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ ကတိများ၊

အာမခံများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်နှင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ပတ်သက်ရင် ယခု စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၁) ရက်မြောက်နေ့၊ ဇူလိုင် ၇ ရက်နေ့က ဥပဒေကြမ်းကို ကျွန်တော်တို့ လွှတ်တော်က ဘာကြောင့် ပြန်လည်သုံးသပ်နေကြရသလဲဆိုတာကို ကိုယ်စားလှယ်တော်ကြီး ၁၄ ဦးနဲ့အတူ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကို ပြန်လည်ရည်ညွှန်းလိုပါတယ်။ လွန်ခဲ့တဲ့ တစ်လတာကာလတုန်းကတော့ ကျွန်တော်တို့ လွှတ်တော်ရေးရာနှင့်ကော်မတီဝင်များဟာ ပြည်တွင်းက အသေးစား၊ အလတ်စားလုပ်ငန်းရှင်များကို စိတ်မပူကြပါနဲ့လို့ နှစ်သိမ့်နေရတဲ့ကာလတစ်ရပ်ဖြစ်ခဲ့ပါတယ်။ အခု ဒီနေ့ဒီရက်မှာတော့ ဒီဥပဒေကြမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမယ့် နိုင်ငံ့ဝန်ထမ်းအသီးသီးကို၊ အဖွဲ့အစည်းအသီးသီးကို စိတ်မပူကြပါနဲ့ဦးလို့ ဦးတည်ရာအရပ် ပြောင်းပြီးတော့ ဒီစကားလုံးကို ပြောင်းပြီးတော့၊ ပြောနေရတဲ့အနေအထားလို့ ကျွန်တော်တို့ သဘောပေါက်ခံယူမိပါတယ်။ စတုတ္ထမဏ္ဍိုင်ကတစ်ဆင့် ကျွန်တော်တို့ ကြားသိနေရတဲ့ အဓိကအသံကတော့ (၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို မြန်မြန်ပြီးပြတ်အောင် လုပ်စေချင်ကြောင်း၊ (၂) နိုင်ငံခြားသားအတွက် မက်လုံးတွေမရှိတော့ရင် သို့မဟုတ် FDI ကြောင့် လက်ရှိတစ်ဟုန်ထိုး တိုးတက်နေတဲ့ အာဆီယံနိုင်ငံနှစ်ခုရဲ့ FDI Law တွေကို မမှီရင်၊ မသာရင် FDI ဆိုတဲ့ ငှက်အုပ်ကြီးဟာ အမိမြန်မာနိုင်ငံပေါ်မှာ ဆင်းသက်မယ့်အရေးနှောင့်နှေးမယ် သို့မဟုတ် အခွင့်အရေးတွေ ဆုံးရှုံးမယ့် အဓိက အသံနှစ်သံဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ကိုင်တွယ်ဆောင်ရွက်ကြရမယ့် နိုင်ငံ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံချစ်စိတ်အပြည့်နဲ့ ဒီစိုးရိမ်စိတ်ကြောင့် ဒီအသံတွေထွက်ပေါ်လာတယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအသံနှစ်သံကို မစိုးရိမ်စေလိုကြောင်း အဓိကထားတင်ပြလိုပါတယ်။ နိုင်ငံတကာသက်တမ်းရင့်လွှတ်တော်များမှာ ဥပဒေကြမ်းတစ်ခုဟာ အခန့်မသင့်ရင် ကော်မတီစိစစ်ဆဲအဆင့်မှာပဲ ပျက်ပြယ်သွားတတ်ပါတယ်။ စာမေးပွဲအောင်လို့ အပေါ်ထပ်ကို ကျော်တက်လာရင်လည်း လွှတ်တော်နှစ်ရပ် အပြန်အလှန်ရေပေါ်ထိုးသလို ထိုးရင်းနဲ့ ကျိုးပဲ့သွားတတ်ပါသေးတယ်။ ဒီအဆင့်တွေကိုကျော်ဖြတ်နိုင်လို့ အောင်အောင်မြင်မြင်ပြဋ္ဌာန်းနိုင်တဲ့အဆင့်ရောက်ရင် ဒီဥပဒေကြမ်းတွေဟာ လူ့ဗီဇလိုပဲ ကိုးလလွယ် ဆယ်လမွေး ဥပဒေကြမ်းများလည်း ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာတော့ အခု ဒီကနေ့ပဲ ဆုံးဖြတ်ကြတော့မှာဖြစ်လို့ ပြီးပြတ်ရန် ရက်ပိုင်းမျှသာလိုတော့

တယ်လို့ တင်ပြလိုပါတယ်။ ဒုတိယစိုးရိမ်တဲ့အချက် နိုင်ငံခြားသားတွေ မက်လုံးမရှိရင်ဆိုတဲ့နေရာမှာ မက်လုံးကောင်းတိုင်း လာတာမဟုတ်ပါဘူး။ မက်လုံးနဲ့ အာမခံချက်သံစုံညီညွတ်မှသာ Harmony ဖြစ်မှသာ ပိုစိတ်ဝင်စားတတ်ကြောင်းကို ပညာရှင်ကြီးများသိသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထည့်သွင်းစဉ်းစားထားပါတယ်။ တဖန် ယခု FDI ကြောင့် တစ်ရှိန်ထိုး အောင်မြင်တိုးတက်လာနေတဲ့ အာဆီယံအရှေ့ဖျားက စံပြနိုင်ငံတစ်နိုင်ငံဆိုသည်ပင်လျှင် သူ့ရဲ့ ကောင်းပါတယ်ဆိုတဲ့ FDI ကို နှစ်နှစ်တစ်ကြိမ်လောက် ပြင်နေပါတယ်ဆိုတာ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ပညာရှင်များလည်းသိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမဏ္ဍိုင်ရဲ့ အသံတွေထဲမှာပဲ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်တွေဟာ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ အသံတွေကိုပဲ နားထောင်တယ်။ နိုင်ငံခြားသားတွေရဲ့အသံကို နားမထောင်ဘူး။ ပြည်တွင်းက သာမန်စားသုံးသူတွေရဲ့ အသံကို နားမထောင်ဘူးဆိုတဲ့ အသံတွေကိုလည်း ကြားရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်တွေကို Television မှ တစ်ဆင့် Live Show လွှင့်နိုင်တာဟာ ရက်ပိုင်းမျှသာ ရှိပါသေးတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။ ကော်မတီများရဲ့ ဆောင်ရွက်ချက်ဟာတော့ ယခုအချိန်အထိ ထုတ်လွှင့်နိုင်ခြင်းမရှိသေးပါဘူး။ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို တကယ်တော့ ကော်မတီများက လွှတ်တော်ကိုယ်စားလှယ်ကြီးများစွာနဲ့အတူ ဆင်ခြင်သုံးသပ်ခဲ့ရာမှာ လတ်တလောအသံကိုသာမက ကော်မတီများရဲ့ တစ်နိုင်ငံလုံးသွားလာကြားနာခဲ့သမျှ ကျွန်တော်တို့ မှတ်တမ်းထားရှိတဲ့အချက်အလက်တွေကို ပြန်လည်စုစည်းပြီးတော့မှ ပြည်သူတွေရဲ့ ဒုက္ခ၊ သုက္ခတွေကို စုစည်းစဉ်းစားထားပါတယ်ဆိုတဲ့အကြောင်းကိုလည်း ကြုံတုန်းရှင်းလင်းတင်ပြလိုပါတယ်။ အကျဉ်းချုပ်အားဖြင့် မီဒီယာများမှာ ပညာရှင်များရဲ့ ဆွေးနွေးချက်ထဲက နိုင်ငံတကာပညာရှင်တွေပီပီ ကျွန်တော်တို့က အောက်ပါ ဘာသာရပ်ဆိုင်ရာ စကားလုံးများစွာကို ကြားသိထားပြီး ဖြစ်ပါတယ်။ FDI Law, FDI ACE Political Economic, ASEAN Comprehensive Investment Agreement, Multi Dimensional Policy, Initial Policy, Investment International Trail and Commitment, Comparable Country Representativeness, Foreign Voice, Host Voice, General Customer Voice, Product or Promote, NAFTA and AFTA, Regional Development Concerning, Consistency of Law, State, Stability, Facilitate Device for SMEs, SMI and Banking Industry, Select the Champion, Giving Partner Recommendation, Negative Offer in

FDI Body, စသည်အားဖြင့် နောက်ဆုံးတစ်ခုကတော့ State Holders ဆိုတာ ဖြစ်ပါတယ်။ ဘာသာရပ်ဆိုင်ရာအရ State ဆိုတာ ကားစင်၊ လက်ဝါးကပ်တိုင်ဖြစ်ပြီးတော့၊ Holders ဆိုတာက ကိုင်ဆောင်သူ၊ သို့မဟုတ် လက်ဝါးကပ်တိုင်မှာ အကပ်ခံရမယ့်သူဖြစ်ပါတယ်။ နိုင်ငံသူနှင့် နိုင်ငံသား တို့၏ကောင်းကျိုး ထမ်းရွက်နေသူ ဆောင်ရွက်နေသူများဆိုတဲ့နေရာကို ဘာကြောင့် State ဆိုတဲ့ လက်ဝါးကပ်တိုင်နဲ့ Holders ကို ရည်ညွှန်းရပါသလဲဆိုတော့ တကယ်လို့ ကျွန်တော်တို့ ဆုံးဖြတ် အတည်ပြုလိုက်တဲ့ ပြုလိုက်မယ့် ဥပဒေကြမ်းတစ်ရပ်ဟာ ကောင်းမွန်ပြည့်စုံရင် တကယ်အကျိုး ခံစားရမှာ ပြည်သူတွေအတွက်ပဲ ဖြစ်ပါတယ်။ မှားသွားရင်တော့ ကားစင်တင်သလိုပဲ အပြောခံရမှာ ကျွန်တော်တို့ဖြစ်ပါတယ်။ အပြောလည်း ခံနိုင်ရည်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးက ဒီနေ့ ဒီအချိန်မှာ State Holders များပီပီ စွန့်စွန့်စားစားနဲ့ ရဲရဲဝံ့ဝံ့နဲ့အတည်ပြုဆုံးဖြတ်ပေးကြပါစို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဦးဝင်းရှိန်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ဆွေးနွေးကြတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး သွားတဲ့ အချက်အလက်တွေကလည်း အင်မတန်မှပြည့်စုံခိုင်မာပြီးတော့ အထူးသဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမယ့် ရည်ရွယ်ချက်များကို ဖော်ဆောင်နိုင်မယ့်ဥပဒေဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းပံ့ပိုးအကြံပေးကူညီ ကြတယ်ဆိုတာ အားလုံးသိသာထင်ရှားစွာ တွေ့မြင်ကြရပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးအထူးတင်ရှိကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ခုနတင်ပြခဲ့သလိုပါပဲ။ ဒီဥပဒေကြမ်းဟာဖြင့်ရင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အင်မတန်အရေးကြီးတဲ့ ဥပဒေကြမ်း ဖြစ်တဲ့အတွက် ဒီနေ့ တစ်ချက်ချင်း ဆွေးနွေးမှုများမဆောင်ရွက်ခင်မှာ ကျယ်ကျယ်ပြန့်ပြန့် လွှတ်တော် ကော်မတီများနှင့် အလားတူပဲပညာရှင်များနှင့် ဆွေးနွေးမှုများကို သီးသန့်ဆွေးနွေးမှု အပိုင်းလေး ဆွေးနွေးဖို့ ဆောင်ရွက်လိုပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်လို့ ကျွန်တော်အနေနဲ့ ပြောကြားလို ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ တချို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များဟာ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိလို့ သတိပေးထောက်ပြခဲ့တာတွေ၊ မလွှဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရတာ ရှိပါတယ်။ ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တက်ကြွစွာနဲ့ ပွင့်လင်းစွာ ဆွေးနွေးမှုများ ယုတ်လျော့မသွားစေချင်ပါဘူး။ လွှတ်တော်မှာ ဒီလို တက်ကြွစွာနဲ့ ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှုပြုစေဖို့ အခွင့်အရေးပေးခြင်းဟာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်အနေနဲ့ တင်ပြတိုက်တွန်းချင်တာက မလွဲသာမရှောင်သာ၍ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆွေးနွေးခြင်းမပြုခဲ့ကြတဲ့၊ မပြုနိုင်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို သတိပေးလိုက်လို့ မိမိတို့တက်ကြွစွာနှင့် ပွင့်လင်းစွာ ဆွေးနွေးမှုအတွက် တားမြစ်လိုက်ခြင်း မဟုတ်ဘူးဆိုတာကိုလည်း သိစေလိုပါတယ်။ မိမိ၊ မိမိလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေနဲ့ တကယ်နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုဖြစ်ထွန်းဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တက်ကြွစွာနှင့် ပွင့်လင်းစွာဆွေးနွေးမှုများကို ဥပဒေနှင့်နည်းဥပဒေနှင့်အညီ ဆောင်ရွက်ကြပါ။ ဆက်လက်ပြီးတော့လည်း တက်ကြွစွာနှင့် ပွင့်လင်းစွာဆွေးနွေးကြပါလို့ လွှတ်တော်ကို ပန်ကြားတင်ပြလိုပါတယ်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးတယ်လို့ ယူဆလို့ရတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနောက်လိုအပ်နေသေးတဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေဟာ အမှန်တကယ်ပဲ အရေးကြီးပါတယ်လို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီလိုပဲယူဆပါတယ်။ ဒီလိုယူဆတဲ့အတွက် ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ကတင်ပြတဲ့ ဒီထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ဖို့ ဒါကို လွှတ်တော်ကိုယ်စားလှယ်နှင့် လွှတ်တော်ကော်မတီများက နားထောင်နိုင်ဖို့။ အဲဒီလိုနားထောင်ပြီးလို့ရှိရင် တကယ်ကောင်းမွန်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပေါ်ပေါက်လာရေးအတွက်လည်း လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ လိုလားဆန္ဒရှိပါတယ်။ ဒီနေရာမှာ မိမိတို့ လွှတ်တော်နှင့်ပတ်သက်ပြီးတော့ ခံယူဆောင်ရွက်ထားတာတွေကိုလည်း အလျဉ်းသင့်လို့ တင်ပြချင်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအပြင် ဒီနေ့ ထူးထူးခြားခြား လွှတ်တော်ကို လာရောက်လေ့လာတဲ့ ရန်ကုန်မြို့ MBA သင်တန်းသားများလည်း လေ့လာဖို့ရောက်ရှိနေတာဖြစ်သလို ဖွဲ့စည်းထားတဲ့ ကော်မရှင်များဟာလည်း လေ့လာနေတာဖြစ်ပါတယ်။ အဲဒီနည်းတူပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီးတော့

စိတ်ဝင်စားပြီးတော့ ကျွန်တော်ပါဝင်ပြီး ရန်ကုန်မှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာတင်ပြခဲ့ကြတဲ့ အချို့လုပ်ငန်းရှင်များလည်း လွှတ်တော်အတွင်း ရောက်ရှိနေပါတယ်။ အဲဒီနည်းတူပဲ Sky Net Update ကတစ်ဆင့် ထုတ်လွှင့် အစီရင်ခံသွားကြတဲ့ ပညာရှင်များ၊ တချို့လည်း စီးပွားရေး လုပ်ငန်းရှင်များအနေနဲ့လည်း ဒီလွှတ်တော်အခန်းထဲကို ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ တာဝန်နှင့်ဆောင်ရွက်မှုများကို လွှတ်တော်မှတစ်ဆင့် နိုင်ငံကို ဒီနေရာကနေတင်ပြ ပါရစေ။ လွှတ်တော်သည် ဥပဒေပြုလွှတ်တော်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဓိက တာဝန်နှင့် ယေဘုယျအဓိကတာဝန်မှာ ဥပဒေပြုရေးက နံပါတ်တစ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ပြုလိုက်တဲ့ ဥပဒေတွေဟာ ကျွန်တော်တို့ အမြဲတမ်းပြောဆိုသုံးစွဲနေတဲ့ (၁) နိုင်ငံသားများ အတွက် အကျိုးဖြစ်ထွန်းမှုရှိသလား။ နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်မှုရှိသလား။ (၂) နိုင်ငံတော် အကျိုးရှိသလား။ နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်မှုရှိသလား။ (၃) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိသလား၊ မရှိဘူးလား။ (၄) ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများဟာ လက်တွေ့မြေပြင်မှာ၊ လက်တွေ့ နိုင်ငံအတွင်းမှာ ဆောင်ရွက်နိုင်တဲ့ဥပဒေများဖြစ်သလား၊ မဖြစ်ဘူးလား။ (၅) ပြဋ္ဌာန်းလိုက်တဲ့ဥပဒေ များဟာ နိုင်ငံတကာ Treatys တွေ၊ Convention တွေဟာ နိုင်ငံကလက်ခံကျင့်သုံးတဲ့ Treatys တွေ၊ Conventionတွေနဲ့ ညီညွတ်မှုရှိသလားဆိုတဲ့ အချက်တွေပေါ်မူတည်ပြီးတော့ မိမိတို့ လွှတ်တော်က ဥပဒေပြုရမှာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ရဲ့ အဓိကတာဝန်ပါ။ အဲလိုပြုတဲ့အခါမှာလည်း ပြည်သူများ ရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ အားလုံးကိုရယူပြီး ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ တစ်ယောက်ရဲ့အသံဟာလည်း ပြည်သူ့အသံပါပဲ။ ပြည်သူအများစုရဲ့အသံဟာလည်း ပြည်သူ့အသံ ပါပဲ။ အဲဒီလိုအသံတွေကို လွှတ်တော်ထဲကို ရောက်ရှိလာပြီး လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတစ်ယောက်ရဲ့အသံဖြစ်ပါစေ၊ ဒီဟာသည် ကျိုးကြောင်းညီညွတ်မှုရှိပြီးတော့ အမှန်တကယ်ပင် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များက ပွင့်လင်းတက်ကြွစွာ တင်ပြဖို့ဖြစ်ပါတယ်။ ဒီပေါ်မှာ ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေးပြီးတဲ့ အခါမှာ တစ်ယောက်တင်ပြတာဖြစ်သော်လည်း ဒီတင်ပြချက်သည် အကျိုးအကြောင်းလျော်ညီမှုရှိ တယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးရှိတယ်ဆိုလို့ရှိရင် ကျန်တဲ့ လွှတ်တော် ကိုယ်စားလှယ်များကလည်း ဒီလိုတင်ပြချက်များကို အရေးတယူဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ပြည်သူအများစုတင်ပြတဲ့ တင်ပြချက်ကိုလည်း လွှတ်တော်ထဲရောက်လာတဲ့အခါမှာ လက်ခံပြီးတော့ ပြည်သူ့အသံကို ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ ကျန်တဲ့ ပြည်သူ့ကိုယ်စားလှယ်

များဟာ ဒီအသံတွေ ဆွေးနွေးပြီးတဲ့အခါမှာ အဆုံးအဖြတ်ပေးရမယ်။ ပြည်သူ့အသံကို ပြည်သူ့ကိုယ်စားလှယ်များက တင်ပြတဲ့အခါမှာ မေးခွန်းအဖြစ်၊ အဆိုအဖြစ်၊ ဥပဒေကြမ်းအဖြစ် ဒီလိုတင်ပြရမှာဖြစ်တဲ့အတွက် ဒီတင်ပြချက်တွေကို အဆုံးအဖြတ်ပေးရာမှာ ဒီထဲမှာရောက်နေတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက အဆုံးအဖြတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အနေနဲ့တော့ ပြည်သူ့အသံတွေကို နားထောင်ပါတယ်။ ပြည်သူ့အသံဟာ လွှတ်တော်ထဲအထိ မရောက်လာဘူးလို့ လွှတ်တော်က၊ လွှတ်တော်ကိုယ်စားလှယ်တွေက၊ လွှတ်တော်ကော်မတီတွေက ယူဆတယ်ဆိုရင် ပြည်သူ့အသံကို ကြားမယ့်နေရာအထိ ကြိုးစားပြီးသွားပါတယ်။ အဲဒီလိုသွားတဲ့နေရာမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပြောသလို ပြည်သူ့အသံတွေကြားအောင် ဒီနေ့တော့ တိုင်းဒေသကြီးနေရာကို ရောက်ရှိအောင်သွားပြီးတော့ နားထောင်တဲ့အခါမှာ ပြည်သူ့အသံတွေ ကြားခွင့်ရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်နေ့က ရန်ကုန်မြို့ MICC ခန်းမမှာ ကျင်းပတဲ့ ပြည်သူများနှင့် ပြည်သူဆိုတဲ့နေရာမှာ ကုန်သည်လည်းပါမယ်၊ ပွဲစားလည်းပါမယ်၊ လယ်သမားလည်းပါမယ်၊ အလုပ်သမားလည်းပါမယ်၊ ဝန်ထမ်းလည်းပါမယ်။ သူတို့ရဲ့အသံတွေကို လွှတ်တော် ကော်မတီတွေက နားထောင်တဲ့အချိန်မှာ ကျွန်တော်လည်း ဝင်ရောက်ပြီးတော့ နားထောင်ခဲ့ပါတယ်။ နားထောင်တဲ့အခါမှာ ပြည်သူ့အသံတွေ၊ ပြောမယ်ဆိုရင် ပြည်သူ့စိုးရိမ်မှုတွေက တကယ်ဒီနေ့တော့ လွှတ်တော်မှာ ပြန်ပြီးတော့ နားထောင်ဆွေးနွေးပြီးတဲ့အခါမှာ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားကို ဖြစ်ထွန်းစေမယ့် ဥပဒေတစ်ခုဖြစ်ဖို့အတွက်တော့ ထည့်သွင်းစဉ်းစားရမယ်ဆိုပြီးတော့ ဒီဆုံးဖြတ်ချက်နှင့် လွှတ်တော်ကိုတင်ပြပြီး ကျွန်တော်တို့ကနေပြီးတော့ အမျိုးသားလွှတ်တော်ကို ပေးပို့ထားတဲ့၊ ကျွန်တော်တို့ဆီကဆွေးနွေးထားတဲ့ FDI Law, Law မဟုတ်သေးပါဘူး။ ဥပဒေကြမ်း Bill ကို ပြန်တောင်းပြီးတော့ လွှတ်တော်ကို ချပြ၊ ချပြပြီးတဲ့အခါမှာ ဆွေးနွေးနေတာဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်အပေါ် မူတည်ပြီးတော့ နိုင်ငံချစ်တဲ့၊ ပြည်သူကိုချစ်တယ်လို့ယူဆရမယ့် ပုဂ္ဂိုလ်များဟာလည်း ပြန်ပြီး ဆွေးနွေးအကြံပြုနေတာတွေကို ကျွန်တော်လည်း တစ်ဆင့်ပြန်ပြီးကြားရပါတယ်။ ဝမ်းသာပါတယ်။ အဲဒီအတွက်လည်း ဒီပုဂ္ဂိုလ်များရဲ့ အသံ၊ ဒီပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်များကိုလည်း လွှတ်တော်၊ လွှတ်တော်ကော်မတီတွေက လွှတ်တော်ရဲ့ပြင်ပ ကော်မတီများနှင့်ဆွေးနွေးပြီးတဲ့အခါ ကော်မတီများက လက်ခံပြီးတော့ နားထောင်စေချင်ပါတယ်။ ဒီလွှတ်တော်ထဲမှာတော့ လွှတ်တော်ကိုယ်စားလှယ်မဟုတ်တဲ့အတွက် လာရောက်ဆွေးနွေးလို့မရပါဘူး။ လာရောက်ဆွေးနွေးခွင့်မရှိပါဘူး။ လွှတ်တော်ထဲမှာ ဆွေးနွေးခွင့်ရှိတာက လွှတ်တော်ကိုယ်စားလှယ်များပဲ

ဆွေးနွေးခွင့်ရှိပါတယ်။ အဲဒီနည်းတူပဲ လွှတ်တော်ထဲကို လာရောက်ဆွေးနွေးတဲ့အခါမှာ လွှတ်တော် ဥက္ကဋ္ဌကခွင့်ပြုတဲ့ ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်များကိုသာ လွှတ်တော်က လက်ခံဆွေးနွေး ညှိနှိုင်းမှုဟာ လွှတ်တော်ရဲ့ ဥပဒေ၊ နည်းဥပဒေတွေမှာပါရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကို တင်ပြနေခြင်းဟာ ဒီနေ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအဖွဲ့အစည်းရဲ့ တင်ပြချက်သည် နိုင်ငံတော် နှင့်နိုင်ငံတော်အကျိုးစီးပွားကိုဖြစ်ထွန်းစေတဲ့ တင်ပြချက်ဖြစ်တဲ့အတွက် ဒီတင်ပြချက်ကို လက်ခံပြီး လွှတ်တော်ကော်မတီများနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအသီးသီးက ပြန်လည် ပြီးတော့ ဆွေးနွေးနိုင်ဖို့ ဒီအတိုင်းပဲ သက်ဆိုင်ရာပညာရှင်များနှင့် စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်များလည်း ပြန်လည် တင်ပြနိုင်ဖို့ မိမိလွှတ်တော်အနေနဲ့ ခွင့်ပြုကြောင်းနှင့် ဒီဆောင်ရွက်မှုကို ဒီနေ့ နေလယ်ပိုင်း ထမင်းစားချိန်အပြီးမှာ ဆောင်ရွက်ကြဖို့ တင်ပြရင်း ဆုံးဖြတ်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်း အဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။ ဒီလိုရပ်နားတဲ့အချိန်မှာ သက်ဆိုင်ရာ လွှတ်တော်ကော်မတီ များနှင့် FDI နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးအကြံပြုမယ့်ပုဂ္ဂိုလ်များ၊ စိတ်ဝင်စား တဲ့ပုဂ္ဂိုလ်များဟာ လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် သတ်မှတ်ထားတဲ့နေရာမှာ လာရောက် တက်ရောက်ဖို့ တင်ပြလိုပါတယ်။ ထိုနည်းတူစွာပဲ ပြီးခဲ့တဲ့အပတ်အတွင်းတုန်းက တက္ကသိုလ်များ ဥပဒေနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က ပြန်လည်အသစ်ရေးဆွဲဖို့ ဆုံးဖြတ်အတည် ပြုချက်အပေါ် ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ သက်ဆိုင်သူများခေါ်ပြီးတော့ နေ့လယ်ပိုင်းမှာ ဒီဥပဒေကြမ်း ဖြစ်မြောက်ရေးအတွက် စတင်ဆောင်ရွက်ဖို့လည်း လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ တင်ပြတိုက်တွန်းလိုပါ တယ်။ ဒါကြောင့် ဒီနေ့လယ်စာသုံးဆောင်ဖို့ တစ်နာရီရပ်နားပြီးတဲ့နောက်ပိုင်းမှာ မိမိတို့ ဆောင်ရွက် ဖွယ်ရာကိစ္စများ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးအစီအစဉ်များကို နေ့လယ် ၁၃း၃၀ နာရီမှာ ပြန်လည် ကျင်းပမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၃း၃၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ နံနက်ပိုင်းက ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ နေ့လယ်ပိုင်း ဇဗ္ဗူသီရိ အစည်းအဝေးခန်းမမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများရယ်၊ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်ရန် အဆိုပြုချက် ပေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရယ်၊ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရယ်၊ နောက်ဆွေးနွေးလိုကြတဲ့၊ အကြံပြုလိုကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များရယ်၊ ပြီးလို့ရှိရင် Sky Net မှာ ဝင်ရောက်ဆွေးနွေးခဲ့ကြတဲ့ ပုဂ္ဂိုလ်များရယ် ကျွန်တော်တင်ပြတဲ့ ဇဗ္ဗူသီရိအစည်းအဝေး ခန်းမဆောင်ကို သွားရောက်ပြီးတော့ အစည်းအဝေးတက်ဖို့ ဖြစ်ပါတယ်။ ပညာရေးကော်မတီအနေနဲ့ ဆက်လက်ပြီးရေးဆွဲမယ့် တက္ကသိုလ်များဥပဒေနဲ့ ပတ်သက်ပြီးတော့ နောက်ရက်မှာ သီးခြားဆွေးနွေး နိုင်အောင် ဒီနေ့လွှတ်တော်အစည်းအဝေးပြီးတဲ့အချိန်မှာစီမံပါ။ နောက်ရက်ကျလို့ရှိရင် နောက်ရက်မှာ ပညာရေးမြှင့်တင်မှုကော်မတီရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရယ်၊ စိတ်ဝင်စားတဲ့သူများဟာ ကော်မတီမှာ အစည်းအဝေး သီးခြားဆောင်ရွက်ပြီး အဲဒီကရရှိလာတဲ့အဖြေကို လွှတ်တော်ကို တင်ပြပြီးတော့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၈ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၃း၄၀ နာရီတွင် ရပ်နားပါသည်။]**